မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၁၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၆ခုနှစ် အလုပ်သမားနေ့ သဝဏ်လွှာပေးပို့

ကိုလိုနီနယ်ချဲ့လက်သစ်များ လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးကာကွယ်ဟန်ဖြင့် အလုပ်သမားအရေးခြိုးပြီး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအတွင်းဝင်ရောက်လှုပ်ရှား မြန်မာနိုင်ငံနှင့်မြန်မာအလုပ်သမားများအကျိုး ထိခိုက်ပျက်ပြားအောင်လုပ်ဆောင် အလုပ်သမားထုကြီးတစ်ရပ်လုံး အမျိုးသားရေးအမြင် ကြည်လင်စွာဖြင့် သတိပြုကာကွယ်

ရန်ကုန် မေ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၆ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား-

၂၀၀၆ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်သော အလုပ်သမားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍအသီးသီးတွင် ကြိုးပမ်းစွမ်းဆောင်ပေးနေကြသော ကာယ၊ ဉာဏအလုပ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် ဤသဝဏ်လွှာကို ဂုဏ်ပြုပေးပို့အပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်ခဲ့ရစဉ်ကာလက မြန်မာတိုင်းရင်းသားအလုပ်သမားကြီးများ၏ လုပ်အားကို မသေရုံလုပ်ခလစာပေး၍ ဖိနှိပ်ရယူအသုံးချပြီး၊ မြန်မာနိုင်ငံ၏ မြေပေါ်မြေအောက်သယံဇာတများကို နယ်ချဲ့အစိုးရနှင့်ယင်းတို့၏ နောက်လိုက်နောက်ပါများက ထုတ်ယူသုံးစွဲခဲ့ကြသည့်အတိတ်သမိုင်းမှာ တိုင်းပြည် ချစ်သည့်၊ အမျိုးချစ်သည့် တိုင်းရင်းသားတိုင်း ဘယ်သောအခါမှ မေ့ပျောက်မရနိုင်သော နာကြည်းကြေကွဲဖွယ်ရာ သမိုင်းဖြစ်ရပ်မှန်များဖြစ်ပါသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ✳

သီးထပ်သီးနှံစိုက်ပျိုးရန် မြေ ၈၄၃ ဧကကို ဆည်ရေပေးနိုင်ပြီး မန်ဆူကျေးရွာအုပ်စုကို သောက်သုံးရေပေးဝေနိုင်မည့် ကောက်ကွေ့ရေလှောင်တမံ လားရှိုးမြို့နယ်၌ဖွင့်

ရန်ကုန် ဧပြီ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ တည်ဆောက်ခဲ့သော ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ ကောက်ကွေ့ရေလှောင်တမံဖွင့်ပွဲအခမ်းအနားကို ဧပြီ၂၉ရက် နံနက်၉နာရီ တွင် ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ●

ကောက်ကွေ့ရေလှောင်တမံ ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦးတို့ ကောက်ကွေ့ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (လယ်/ဆည်)

ကောက်ကွေ့ရေလှောင်တမံ

- **ကောက်ကွေ့ရေလှောင်တမံသည် တမံအလျားပေ၁၀၈၀၊ တမံ အမြင့် ၁၁၆ပေ ရှိသည့် မြေသားတမံဖြင့် ကောက်ကွေချောင်းကို ပိတ်ကာ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၅၂၀၀ သိုလှောင်၍ သီးထပ် သီးနှံစိုက်ပျိုးရန် မြေ ၈၄၃ဧကကို ဆည်ရေပေးနိုင်ပြီး မန်ဆူကျေးရွာ အုပ်စုကိုလည်း သောက်သုံးရေ ပေးဝေနိုင်မည်ဖြစ်။**

၂၀၀၆ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၁ ရက်)

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်

ကမ္ဘာ့ပတ်ဝန်းကျင်ရှိ လေထုနှင့်ရေထုတို့သည် သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည်။ သို့သော် လိုအပ်သည်ထက်ပိုမိုရရှိလာလျှင်လည်း သက်ရှိများအတွက် အန္တရာယ်ဖြစ်ပေါ်စေတတ်ပြန်သည်။

သက်ရှိသတ္တဝါအားလုံး လေကိုရှူရှိုက်၍ အသက်ရှင်ရပ်တည်နေကြရသည်။ သို့သော် လေပြင်းမုန်တိုင်းများ ပြင်းထန်စွာ တိုက်ခတ်လာသည့်အခါတွင် သတ္တဝါများအတွက် ဘေးအန္တရာယ်နှင့် တွေ့ကြုံကြရသည်။ သစ်ပင်ကြီးများ ပြိုလဲခြင်း၊ အဆောက်အအုံများ ပြိုကျပျက်စီးခြင်း ဖြစ်ပေါ်တတ်သည်။

အလားတူ သက်ရှိသတ္တဝါများအတွက် အဓိကဖြစ်သည့် သောက်သုံးရေရှားပါးပြတ်လပ်သည့်အခါမျိုးတွင် လူများ၊ တိရစ္ဆာန်များ ရောဂါဘယဖြစ်ပွားခြင်း၊ သေဆုံးခြင်း ဖြစ်ပေါ်လေ့ရှိသည်။

ကမ္ဘာပေါ်ရှိ အချို့ဒေသများတွင် မိုးခေါင်ရေရှားဖြစ်ပေါ်မှုကြောင့် သစ်တောသစ်ပင်များ သေကျေပျက်စီးခြင်း၊ တောမီးလောင်ခြင်း၊ စိုက်ပျိုးသီးနှံများအတွက် ရေမရ၍ သီးနှံများမဖြစ်ထွန်းခြင်းများ နှစ်စဉ်ကြုံတွေ့နေရသည်။

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပါကလည်း မြေပြိုခြင်း၊ မြစ်၊ချောင်းများ ရေကြီးခြင်း၊ မြို့ရွာပတ်ဝန်းကျင်၌ ရေလွှမ်းမိုးခြင်းများဖြစ်ပေါ်ကာ ရေဘေးအန္တရာယ်နှင့် တွေ့ကြုံရတတ်သည်။

ထူးကဲဒီရေ တက်သည့်အခါ ကမ်းနားဒေသတွင် နေထိုင်ကြသောပြည်သူများ သတိပြုနေထိုင်ကြရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင်များပြိုလဲခြင်း၊ လျှပ်စစ်မီးကြိုးများ ပြတ်တောက်ခြင်းများဖြစ်ပေါ်ပြီး ဓာတ်လိုက်ခြင်းအန္တရာယ်များ ကြုံတွေ့ရတတ်သည်။ ထိုအန္တရာယ်ကို သတိပြုကာကွယ် ရှောင်ရှားကြရမည်ဖြစ်သည်။

မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးပြီး ကောက်ပဲသီးနှံများ မပျက်စီးစေရန်လည်း သတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုရက်ပိုင်းအတွင်း ဘင်္ဂလားပင်လယ်အော်၌ အလွန်အင်အားပြင်းထန်သော မာလာအမည်ရှိ မုန်တိုင်းဖြစ်ပေါ်နေကြောင်း၊ အကျယ်အဝန်းကြီးမားပြီး လေစိုင်ခဲများ ဖြစ်ပေါ်နိုင်ကြောင်း၊ ကမ်းရိုးတန်းနေပြည်သူများ ဘေးကင်းရာ ရွှေ့ပြောင်းနေထိုင်ကြရန်ဖြစ်ကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် တစ်ပြည်လုံး မိုးထစ်ချုန်း ရွာနိုင်ကြောင်း၊ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ထိုမုန်တိုင်းကျရောက်မှုကြောင့် အပျက်အစီးအချို့ရှိခဲ့ကြောင်း သတင်းများကိုလည်း တွေ့မြင်ကြားသိခဲ့ရသည်။

ပင်လယ်ကမ်းရိုးတန်းဒေသများ၊ မြစ်၊ချောင်း၊ကမ်းနားပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ပြည်သူများသည် ဒီရေတက်မှုအခြေအနေ၊ မြစ်ရေကြီးမှုနှင့် မုန်တိုင်းကျရောက်မှု သတိပေးချက်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာတို့မှတစ်ဆင့် ကြည့်ရှု၍ လိုအပ်သည့်ကြိုတင်ကာကွယ်မှုအစီအစဉ်များ ပြုလုပ်စီမံထားသင့်ပေသည်။

မိမိတို့ဒေသအလိုက် သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် မြစ်ရေတား တာပေါင်ရိုးများအား မပြတ်ကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်ပါက အသင့်အသုံးပြုနိုင်ရန် သဲအိတ်၊ ကျောက်အိတ်များ စုဆောင်းထားရှိခြင်း၊ မြို့ရွာရေဘေးကာကွယ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့်ကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်းလုပ်ငန်းများကို မဖြစ်မနေ စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။

မိုးရာသီကာလတွင် ရေကြောင်း၊ လေကြောင်း သယ်ယူပို့ဆောင်ရေးဌာနများ၊ ရေလုပ်သားများအနေဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသော သတိပေးနှိုးဆော်ချက်များကို အချိန်အခါမလပ် အလေးဂရုပြုမှတ်သားကာ သယ်ယူပို့ဆောင် ခုတ်မောင်း ပျံသန်းလုပ်ဆောင်ကြရန် လိုအပ်သည်။

သက်ဆိုင်ရာမြို့ရွာအသီးသီးရှိ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများကလည်း မိုးရာသီကာလအတွင်း မြို့၊ရွာများ ရေကြီးရေလွှမ်းမိုးမှုအန္တရာယ်မှ ကာကွယ်တားဆီးရေး အစီအမံများကို စနစ်တကျ စီမံဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပို့ဆောင်ရေးဆိုင်ရာဌာနများနှင့် ပြည်သူတစ်ရပ်လုံးက သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မရှိစေရေးအတွက် လိုအပ်သည့်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ကြီးမှူး ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေး သင်တန်းဆင်း

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ပျိုရွယ်သူ မျိုးဆက်ပွား ကျန်းမာရေးသင်တန်း (၂၀၀၆) ဆင်းပွဲကို ယမန်နေ့ ညနေ ၄နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေကသင်တန်းဆင်း ဂုဏ်ပြုစကား ပြောကြားသည်။

ချီးမြှင့်

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က သင်တန်း၌ ထူးချွန်ဆုရရှိကြသော သင်တန်းသား သင်တန်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ အတွင်းရေးမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေးသင်တန်း (၂၀၀၆) ဆင်းပွဲတွင် ထူးချွန်ဆုရရှိသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျေးဇူးတင်စကား

ယင်းနောက် ပထမဆုရရှိသည့် ပန်းဘဲတန်းမြို့နယ်မှ မောင်အောင်ငြိမ်းမြတ်က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ သင်တန်းကို ဧပြီ ၂၄ရက်မှ ၂၉ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၄၈ဦးတို့ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ခရိုင်အတွင်းရှိမြို့နယ်စည်ပင်သာယာများအား မြို့နယ်အလိုက် အကောင်းဆုံးသန့်ရှင်းရေးဆောင်ရွက်မှုဆုပေးပွဲကို ဧပြီ၂၆ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက မြို့နယ်အကောင်းဆုံးသန့်ရှင်းရေးဆောင်ရွက်မှု ပထမဆုရ မင်္ဂလာဒုံမြို့နယ်အား ဆုချီးမြှင့်စဉ်။ (ဝ၄၆)

လက်ခံယူ

Hanseatic သင်္ဘောကုမ္ပဏီ MV. Maersk Peter Head သင်္ဘောမှ ဝန်ထမ်းများ စုပေါင်း၍ ဗဟန်းမြို့နယ် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် ၂၆၇၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ(၂)ဦးသန်းအောင် လက်ခံယူစဉ်။ (က-ပ)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီစည်းဝေး

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး (၄/၂၀၀၆)ကို ဧပြီ ၂၇ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိစာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး(၃/၂၀၀၆)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကိုတင်ပြသည်။

ဆက်လက်၍ ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေး လုပ်ငန်းအဖွဲ့၊ စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့နှင့် ထုတ်ဝေသူမှတ်ပုံတင်စိစစ်ရေးအဖွဲ့တို့၏ အဖွဲ့ခေါင်းဆောင်များက အဖွဲ့လုပ်ငန်း ဆောင်ရွက်ထားမှုများကို အသီးသီးတင်ပြကြသည်။

ယင်းနောက်တွင် ဗဟိုအမှုဆောင်ကော်မတီဝင်များက လာမည့် မေလတတိယပတ်အတွင်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် စာပေနှင့် အနုပညာမူပိုင်ခွင့်များဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ဇွန်လအတွင်း စတုတ္ထအကြိမ် စာပေညီလာခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရေးနှင့်အခြားလိုအပ်သည့် လုပ်ငန်းများကို အကြံပြုဆွေးနွေး တင်ပြကြသည်။ **(သတင်းစဉ်)**

ကာယ၊ ဉာဏအလုပ်သမားကြီးများ အမျိုးသားရေးအသိစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ပါဝင်ကြိုးပမ်း

*** ၂၀၀၆ ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာမှ**

ထိုအမှောင်ခေတ်ကာလများအတွင်း မြန်မာတိုင်းရင်းသား အလုပ်သမားကြီးများအား နယ်ချဲ့တို့ကဖိနှိပ်ခိုင်းစေပုံများကိုလည်းကောင်း၊ အလုပ်သမားကြီးများ၏ သွေး၊ ချွေးနှင့် အသက်ပေါင်းများစွာတို့ကို နယ်ချဲ့နှင့်အပေါင်းအပါတို့အတွက်စတေးခဲ့ရပုံများကိုလည်းကောင်း၊ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုးကြားတက်ကြွ ဖွံ့လုံ့လရှိသည့် ဗီဇစိတ်ဓာတ်ကောင်းများ သေးသိမ်ပျက်ပြားအောင် နယ်ချဲ့တို့က အစီအစဉ်ရှိရှိဖျက်ဆီးခဲ့ပုံများကိုလည်းကောင်း သမိုင်းစာမျက်နှာများတွင် ထင်ထင်ရှားရှားတွေ့ရှိရ မည်လည်းဖြစ်ပါသည်။

အလုပ်သမားများ၊ တောင်သူလယ်သမားများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးရယူနိုင်ခဲ့ပြီးနောက် နိုင်ငံတော်ကိုပြန်လည်ထူထောင်ရမည့်အချိန်တွင် ရောင်စုံလက်နက်ကိုင် ဆန့်ကျင်မှုအဖုံဖုံကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိခဲ့ခြင်း၊ နိုင်ငံတော်ထူထောင်ရေးတွင် အရေးပါသည့် အင်အားစုများဖြစ်သော အလုပ်သမားနှင့် တောင်သူလယ်သမားများအတွင်း နိုင်ငံရေးပါတီများ ဝင်ရောက်ခြယ်လှယ် အရောင်ဆိုးခဲ့ကြသဖြင့် စည်းလုံးညီညွတ်မှုပျက်ပြားခဲ့ရခြင်းတို့ကြောင့် နိုင်ငံတော်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အဟောသိကံ ဖြစ်ခဲ့ရပါသည်။

ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပေါင်းစုအင်အားဖြင့် တည်ဆောက်လျက်ရှိရာတွင် ကာယ၊ ဉာဏအလုပ်သမားကြီးများ၏ ကြိုးပမ်းစွမ်းဆောင်မှုမှာ လွန်စွာအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

သို့ဖြစ်၍လည်း နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်သမားကြီးများ၏ ထက်မြက်သော စွမ်းပကားကို အသိအမှတ်ပြုလျက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး ဦးတည်ချက်များ အကောင်အထည်ဖော်ရာတွင် အလုပ်သမားကြီးများ တက်ကြွစွာပါဝင် စွမ်းဆောင်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိပါသည်။ ကာယ၊ ဉာဏအလုပ်သမားကြီးများကလည်း နိုင်ငံတော်တည်ဆောက်ရေးကြိုးပမ်းမှုများတွင် တက်ညီလက်ညီ ပါဝင်စွမ်းဆောင်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်နေရပါသည်။

လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား–

ယနေ့အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ မှန်ကန်သောဦးဆောင်မှုကြောင့် နိုင်ငံနှင့်အဝန်း စက်မှုဇုန်များ၊ ခေတ်မီစက်ရုံ၊ အလုပ်ရုံများ၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီရုံး၊ဌာနများ ဖြစ်ထွန်း လာလျက်ရှိပြီး ခေတ်မီကုန်ထုတ်စက်ကိရိယာများနှင့် နည်းပညာများ၊ နိုင်ငံတကာအဆင့်မီ ရုံးသုံးကိရိယာများနှင့် စီမံခန့်ခွဲမှုပညာများကို အလုပ်သမားကြီးများ ကိုင်တွယ်အသုံးပြုလာ နိုင်ပြီဖြစ်ပါသည်။

တစ်ဖက်တွင်လည်း နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ ကြည်ဖြူစွာလက်တွဲ ပူးပေါင်းဆောင်ရွက်မှု၊ ကာယ၊ ဉာဏအလုပ်သမားကြီးများ၊ တောင်သူလယ်သမားကြီးများ၏ အားထုတ် ကြိုးပမ်းစွမ်းဆောင်မှုများကြောင့် နိုင်ငံတော်၏စီးပွားရေးစီမံကိန်းများ ရည်မှန်းသည်ထက် ပိုမိုအောင်မြင်ကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တည်ငြိမ်အေးချမ်းမှု နှင့်အတူ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို အထင်အရှား တွေ့မြင်နေရပြီ ဖြစ်ပါသည်။

ယင်းသို့ အလုပ်သမားကြီးများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ ကာယ၊ ဉာဏ၊ ဝီရိယစိုက်ထုတ်ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရေမြင့်၍ ကြာတင့်သည့်ပမာ ကာယ၊ ဉာဏအလုပ်သမားကြီးများ၏ လုပ်ခလစာများ၊ အခွင့်အရေးနှင့် အခွင့်အလမ်းများ ထိုက်ထိုက်တန်တန် ရရှိခံစားရစေရေးအတွက် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညွတ်တက်ကြွစွာပူးပေါင်းကြိုးပမ်းမှုကြောင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီး၌ အောင်မြင်မှုအသီးအပွင့်များဖြစ်ထွန်းနေချိန် အလုပ်သမားကြီးများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မည်သည့်ခေတ်ကာလနှင့်မျှမတူအောင် လုပ်ခလစာများ၊ အခွင့်အရေးနှင့် ရပိုင်ခွင့်များ ထိုက်တန်စွာရရှိခံစားနေရချိန်တွင် ကိုလိုနီနယ်ချဲ့လက်သစ်တို့က အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကိုခြယ်လှယ်ကြိုးကိုင်၍ လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးကို အကာအကွယ်ပေးလေဟန်ဖြင့် မြန်မာနိုင်ငံအား ပုတ်ခတ်စွပ်စွဲမှုများပြုလုပ်ခြင်း၊ ယင်းတို့၏ လက်ကိုင်တုတ်များကို အလုပ်သမားအရေခြုံ၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအတွင်း ဝင်ရောက်လှုပ်ရှားစေပြီး မြန်မာနိုင်ငံနှင့် မြန်မာအလုပ်သမားများ၏အကျိုးထိခိုက်ပျက်ပြားအောင် လုပ်ဆောင်ခြင်းများကို အလုပ်သမားထုကြီးတစ်ရပ်လုံးက အမျိုးသားရေးအမြင် ကြည်လင်ထက်သန်စွာဖြင့် သတိပြုကာကွယ်ကြရမည်ဖြစ်ပါသည်။

မြန်မာအလုပ်သမားကြီးများ၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့သည် သမိုင်းတွင် အကြိမ်ကြိမ် မှတ်ကျောက်တင်ခံနိုင်ခဲ့ပြီးဖြစ်ရာ ထိုအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းရင်း နယ်ချဲ့လက်သစ်များနှင့် အမျိုးသစ္စာဖောက် ပုဆိန်းရိုးများ၏ အန္တရာယ်ကို တားဆီးကာကွယ်ကြရမည်ဖြစ်ပါသည်။

လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား–

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ်ကို နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်၍ တည်ဆောက်လျက်ရှိရာတွင် ယင်းမူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိပါသည်။ ယင်းအမျိုးသားညီလာခံကြီးတွင် အလုပ်သမားကြီးများ၏ ကိုယ်စားလှယ်များပါဝင်၍ အနာဂတ်နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများရရှိစေရန် ဝိုင်းဝန်းအကြံပြုဆွေးနွေးလျက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရပါသည်။

ဤသို့သော ကောင်းမြတ်သည့် အချိန်အခါသမယတွင် အလုပ်သမားကြီးများ၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေး ကြိုးပမ်းအား ထုတ်မှုအဝဝသည် အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းရေးကို ထင်ဟပ်လျက်ရှိသည့်အလျောက် ကာယ၊ ဉာဏအလုပ်သမားကြီးများက အမျိုးသားရေး အသိစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့်–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး အမြန်ဆုံးပေါ်ထွန်းလာရေးအတွက်လည်းကောင်း၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက်လည်းကောင်း၊**
- **နယ်ချဲ့လက်သစ်များနှင့် ယင်းတို့၏ လက်ကိုင်တုတ်များ၏ နှောင့်ယှက်ဖျက်ဆီးမှုများကို ဟန့်တားကာကွယ်ရေးအတွက်လည်းကောင်း၊**
- **ပြည်ထောင်စုကြီး စုစည်းခိုင်မာစွာ အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ရှေ့တန်းမှပါဝင်ကြိုးပမ်း ဆောင်ရွက်ကြရန် လေးနက်စွာတိုက်တွန်းအပ်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၁–၅–၂၀၀၆ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၈။ အရေးပြိုင်ပွဲ
၈း၂၅ ၉။ ထပ်ဆင့်အောင်ပွဲ ရောဝတီတံတား (ဒေးဒရဲ)
၈း၃၀ ၁၀။ International News
၈း၄၅ ၁၁။ Grammar made Easy
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Demonstration Exercise for Correct Pronunciation
၁၆း၄၀ ၄။ တေးဂီတအစီအစဉ်
၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇း၁၀ ၆။ အကပဒေသာ
၁၇း၂၀ ၇။ မြန်မာစာ မြန်မာစကား
၁၇း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇း၃၅ ၉။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ"** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေကရီကျော်ကျော် (ဒါရိုက်တာ–မောင်ယဉ်ကျော်)
၁၇း၄၅ ၁၀။ တေးဂီတ အစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈း၀၀ ၁၁။ ညနေခင်းသတင်း
၁၈း၂၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၃။ အကပြိုင်ပွဲ
၁၈း၄၀ ၁၄။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၈း၅၀ ၁၅။ တေးဂီတအစီအစဉ်
၁၉း၀၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာနုနု"** (အပိုင်း–၇)
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"** (အပိုင်း–၉)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၁–၅–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ လက်စွမ်းပြပဟန် ဂီတသံ
၄း၃၀ ၆။ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄း၃၅ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၃၆)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ မေးမြန်းစူးစမ်း
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ English Premier League ဘောလုံးပွဲအစီအစဉ် Sanderland Vs Arsenal
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

တရုတ်တိုက်လေယာဉ်သစ် အောင်မြင်စွာစမ်းသပ်

ပေကျင်း မေ ၃၀

တရုတ်နိုင်ငံက အထူးတီထွင်ပြုလုပ်ထားသော တိုက်လေယာဉ်သစ် Xiaolong 04 ကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ မေ ၂၈ရက်က အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့သည်။ (ဓါတ်ပုံ)

ထူးခြားကောင်းမွန်

ယင်းတိုက်လေယာဉ်သစ်သည် ယခင်အက်ဖ်စီ-၁၊ အက်ဖ်စီ-၃တို့ကဲ့သို့ ထူးခြားကောင်းမွန်သည့် အီလက်ထရွန်နစ်စနစ်နှင့် လက်နက်စနစ်များ တပ်ဆင်ထားကြောင်း သိရသည်။

ပူးပေါင်းထုတ်လုပ်

အဆိုပါ တိုက်လေယာဉ်ကို တရုတ်လေကြောင်းလုပ်ငန်း ကော်ပိုရေးရှင်း၊ ချန်ဒူးလေကြောင်းအုပ်စု ကော်ပိုရေးရှင်းနှင့် တရုတ်လေကြောင်း နည်းပညာ သွင်းကုန်ပို့ကုန်ကော်ပိုရေးရှင်းတို့က ပူးပေါင်းထုတ်လုပ်ခဲ့ကာ စွယ်စုံသုံး တိုက်လေယာဉ်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

သီရိလင်္ကာ၌ သံသယရှိသူ အမျိုးသမီးအား ဖမ်းဆီးခဲ့

ကိုလံဘို မေ ၃၀

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ ရှော့ပင်းမော်လ်တစ်ခုအတွင်းသို့ သီရိလင်္ကာတပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်း၍ သံသယရှိသူ အမျိုးသမီးတစ်ဦးအား မေ ၂၈ရက်က ဖမ်းဆီးခဲ့သည်။

ဝင်ရောက်ဖမ်းဆီး

ထိုအမျိုးသမီးသည် တမီးလ်ကျားသူပုန်များနှင့် အဆက်အသွယ်ရှိသည်ဟု ယူဆခဲ့ကြသည်။ တမီးလ်ကျားသူပုန်များနှင့် အဆက်အသွယ်ရှိသည်ဟု သံသယရှိသော ယင်းအမျိုးသမီးသည် မာဂျက်တစ်စီတီ ရှော့ပင်းမော်လ်တွင် ရောက်ရှိနေကြောင်း ရဲတပ်ဖွဲ့က သတင်းရခဲ့ပြီးနောက် ဝင်ရောက်ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်တွင် ရိုက်တာသတင်းဌာနမှ ဓာတ်ပုံဆရာနှစ်ဦးသည် ရှော့ပင်းမော်လ်အတွင်း၌ ရှိနေခဲ့သည်။ ၎င်းတို့က ပြောဆိုရာတွင် ဆိုင်ကယ်စီးဦးထုပ်များဆောင်းထားသော တပ်ဖွဲ့ဝင်များသည် ဝင်ရောက်လာပြီး ယင်းအမျိုးသမီးထိုင်နေသောစားပွဲကို ဝိုင်းထားလိုက်ပြီး သူမအား ဖမ်းဆီးသွားခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဗစ်တိုးရီးယားကန်၌ စက်လှေမှောက် အနည်းဆုံး လူ ၂၇ ဦး ပျောက်ဆုံးနေ

ဒါရက်ဆလမ် မေ ၃၀

တန်ဇန်းနီးယားမြောက်ပိုင်း ဗစ်တိုးရီးယားကန်၌ ကုန်တင်စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ သင်္ဘောသား ခုနစ်ဦး အပါအဝင် အနည်းဆုံး၂၇ဦး ပျောက်ဆုံးလျက်ရှိရာ သေဆုံးသွားဖွယ်ရှိကြောင်း၊ ယင်းမှာ မေ ၂၁ရက်က မုန်တိုင်းကြောင့် တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။

အဆိုပါ ပျောက်ဆုံးသူများအား မေ ၂၇ရက်အထိ တစ်ဦးတစ်ယောက်မျှ ကယ်ဆယ်နိုင်ခြင်းမရှိကြောင်း သိရသည်။

သယ်ဆောင်လာ

ယင်းဗစ်တိုးရီးယားကန်ကြီးမှာ တန်ဇန်းနီးယားမြောက်ပိုင်း၌ရှိပြီး ကမ္ဘာ့ဒုတိယအကြီးဆုံး ရေချိုကန်ကြီးဖြစ်သည်။ ယင်းကုန်တင်စက်လှေကြီးသည် အမ်ဝါဆာမှ တန်ဇန်းနီးယားရှိ အဆိုပါကန်ကြီး၏ ကမ်းတစ်လျှောက်ရှိ မြို့နစ်မြို့သို့ ထွက်ခွာလာခြင်းဖြစ်ကြောင်း၊ ယင်းစက်လှေကြီးပေါ်တွင် ပြောင်း ၁၂တန်၊ အဖျော်ယမကာပုလင်း အလုံး၂၀၀၀နှင့် အချိုရည်ပုလင်း အလွတ် ၆၀၀၀ ကို သယ်ဆောင်လာခြင်းဖြစ်ကြောင်းသိရသည်။**အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုမြို့ရှိ ကမ်းခြေတွင် သဲပန်းပုပညာရှင်တစ်ဦး သဲပန်းပု ထုလုပ်နေသည်ကို မေ ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ် ကျွဲနွားများ၌ ခွာနာလျှာနာရောဂါကူးစက်

ဟနွိုင်း မေ ၃၀

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကုန်းမြင့်ဒေသလမ်ဒွန်ပြည်နယ်ရှိ ဝက်၊ နွားနှင့်ကျွဲတို့တွင် ခွာနာလျှာနာရောဂါ ဖြစ်ပွားမှုသည် မြင့်တက်လာခဲ့ပြီး အကောင် ၄၀၀၀နီးပါးအထိ ရှိလာကြောင်း၊ ၎င်းတို့အနက် အကောင် ၁၅၀၀နီးပါး သေဆုံးခဲ့ရကြောင်း ပိုင်အိုးနီးယားသတင်းစာက မေ ၂၇ရက်၌ ဖော်ပြထားသည်။

မကြာသေးမီကာလအတွင်းက ယင်းပြည်နယ်ရှိခရိုင်နှင့် မြို့၁၂ခုအနက် ခြောက်ခုရှိ တိရစ္ဆာန်များတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဓိကအားဖြင့် ဒူထရွန်ခရိုင်၌ ဖြစ်ပွားခဲ့သည်။

ယင်းခရိုင်ရှိ ဝက်များကို စမ်းသပ် ကြည့်ရာ ခွာနာလျှာနာပိုးရပ်စ်ပိုးတွေ့ရှိခဲ့ပြီးနောက် မေ ၁၉ရက်က ဒူထရွန်ခရိုင်၌ ယင်းရောဂါဖြစ်ပွားနေကြောင်း ပြည်နယ်တာဝန်ခံများက ထုတ်ပြန်ကြေညာခဲ့သည်။ ထိုအချိန်မှာပင် ဒူထရွန်ခရိုင်ရှိ ဝက်နှင့် နွား ၂၂၅၀တွင် ယင်းရောဂါကူးစက်မှုဖြစ်ပွားနေသည်။ ၎င်းတို့အနက် အကောင် ၈၀၀ ခန့် သေဆုံးသွားခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

စမ်းသပ်ပစ်လွှတ်

ပါကစ္စတန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သော ပဲ့ထိန်းဒုံးကျည် Hatf VIအား အောင်မြင်စွာစမ်းသပ်ပစ်လွှတ်လိုက်သည်ကို မေ ၂၉ရက်က တွေ့ရစဉ်။

(ယင်းဒုံးကျည်သည် မြေပြင်အကွာအဝေး ၁၅၅၅မိုင်အထိ ပစ်ခတ်နိုင်ပြီး နျူကလီးယားထိပ်ဖူးသယ်ဆောင်သွားနိုင်ကြောင်း ပါကစ္စတန်ကာကွယ်ရေးဝန်ကြီးဌာန အစီရင်ခံစာတွင် ဖော်ပြထားသည်။)

(ဓာတ်ပုံ-အင်တာနက်)

ဖျော်ဖြေတင်ဆက်

တရုတ်နိုင်ငံ ကွမ်ကျိုပြည်နယ်တွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပြပွဲ၌ ဖျော်ဖြေတင်ဆက်နေသော တိုင်းရင်းသူတစ်ဦးကို မေ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားနိုင်ငံ၏ ဂတ်ဇ်ပရွန်ရေနံကုမ္ပဏီ ကမ္ဘာ့ဒုတိယအကြီးဆုံး ရေနံကုမ္ပဏီဖြစ်လာ

မော်စကို မေ ၃၀

ရုရှားနိုင်ငံ၏ အကြီးဆုံးရေနံကုမ္ပဏီ ဂတ်ဇ်ပရွန်သည် ကမ္ဘာ့ဒုတိယအကြီးဆုံး ရေနံကုမ္ပဏီကြီးဖြစ်လာကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဆားဘီးယား၌ မေ ၂၇ရက်က ပြောကြားလိုက်သည်။

ဂတ်ဇ်ပရွန်သည် ရေနံထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၀ ဘီလီယံအထိရောက်ရှိကာ ကမ္ဘာတွင် ဒုတိယအကြီးဆုံး ရေနံကုမ္ပဏီကြီးဖြစ်လာကြောင်း တွန်ဘက်၌ပြုလုပ်သော ရုရှား-ဂျာမနီ စီးပွားရေးဖိုရမ်တွင် သမ္မတပူတင်က ပြောကြားလိုက်သည်။ ရုရှားနိုင်ငံ၏ စီးပွားရေးတိုးတက်လာမှုကြောင့် ပဲရစ်ကလပ်သို့ ပေးရန်ရှိသော ကြွေးမြီများကို ပြန်ပေးရန်အသင့်ရှိကြောင်းလည်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာဆီယံ-အိန္ဒိယ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

ဟန္တိုင်း ဧပြီ ၃၀

အငှမအကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်တန်းတာဝန်ရှိသူများ အစည်းအဝေးကို ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်သုံးသပ်နိုင်ရန်အတွက် ဧပြီ ၂၈ ရက်က ဟန္တိုင်းမြို့၌ ဖွင့်လှစ်ခဲ့ကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက ဧပြီ ၂၈ ရက်၌ ဖော်ပြသည်။

နှစ်ရက်ကြာပြုလုပ်သော ယင်းအစည်းအဝေးအတွင်း ကိုယ်စားလှယ်များသည် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့က အကောင်အထည်ဖော်ခဲ့သော အစီအစဉ်များအပေါ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ကျင်းပခြင်းဖြစ်ကြောင်း၊ ယင်းတို့တွင် အာဆီယံ ၁၀ နိုင်ငံအဖွဲ့ဝင်သစ်နှင့် အဖွဲ့ဝင်ဟောင်းများအကြားဖွံ့ဖြိုးတိုးတက်မှု မညီမျှမှုကွာဟချက်များ လျှော့ချရေးနှင့် အာဆီယံဒေသဆိုင်ရာဖိုရမ်၏ မူဘောင်အတွင်းမှ ဆောင်ရွက်ရေး ကိစ္စများပါဝင်သည်။

အာဆီယံ ကိုယ်စားလှယ်များက ဗီယင်ကျန်းအစီအစဉ်အရ အကောင်အထည်ဖော်ခဲ့သော အာဆီယံဖွံ့ဖြိုးရေးရန်ပုံငွေသို့ အမေရိကန်ဒေါ်လာ တစ်သန်းအကူအညီပေးရန် အိန္ဒိယသို့ တောင်းခံမည်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်အရ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟမှု အနည်းဆုံးဖြစ်အောင် အလေးအနက်ထား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အာဆီယံက အဖွဲ့ဝင် နိုင်ငံသစ်များတွင် အင်္ဂလိပ်စာ သင်ကြားရေးဌာနများ တည်ဆောက်ရန် အပါအဝင် ကဏ္ဍခြောက်ခုအတွက် အာဆီယံ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေသို့ အမေရိကန်ဒေါ်လာ ငါးသန်းထောက်ပံ့ရန်လည်း အိန္ဒိယနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

လင်းပိုင် အကောင် ၄၀၀ကျော် ဇမ်ဇီဘာကျွန်းတွင် သောင်တင်သေဆုံး

ဒါရက်ဆလမ် ဧပြီ ၃၀

အိန္ဒိယသမုဒ္ဒရာ ဇမ်ဇီဘာကျွန်း ကမ်းခြေများတွင် လင်းပိုင်အကောင် ၄၀၀ ကျော် သောင်တင်သေဆုံးခဲ့ရကြောင်း အင်တာနက်သတင်းတွင် ဧပြီ ၂၈ရက်၌ ဖော်ပြသည်။ (အပေါ်ပုံ)

အဆိုပါ တန်ဇန်းနီးယားကျွန်း ကမ်းခြေတွင် မရေမတွက်နိုင်သော လင်းပိုင်အသေများကို တွေ့ရကြောင်းလည်း ဟိုတယ်ပိုင်ရှင် အာလာအမ်မီလီက ပြောကြားသည်။

သတိပေး

တန်ဇန်းနီးယားငါးလုပ်ငန်းဦးစီးဌာနက အဆိုပါလင်းပိုင်များအား ဒေသနေပြည်သူများအနေဖြင့် စားသောက်ခြင်းမပြုရန် သတိပေး တားမြစ်ထားကြောင်း သိရသည်။

ဇမ်ဇီဘာကျွန်းအနီးတဝိုက်သည် လင်းပိုင်များ ကျက်စားရာဒေသဖြစ်ပြီး ခရီးသွားထောင်ပေါင်းများစွာကို နှစ်စဉ်ဆွဲဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ယင်းလင်းပိုင်များ သေဆုံးရခြင်းမှာ ပင်လယ်ရေများ ရေနံတင်သင်္ဘောများမှ ယိုဖိတ်သောရေနံများနှင့် အစာအဆိပ်သင့်မှုကြောင့် ဖြစ်နိုင်ကြောင်း သုံးသပ်ဖော်ပြထားသည်။

ဒေသခံများ၏အဆိုအရ လဆန်းရက်တွင် လေပြင်းမုန်တိုင်းတိုက်ခတ်သဖြင့် ပင်လယ်ဒီရေမြင့်တက်ကာ လင်းပိုင်များ သောင်တင် သေဆုံးရသည်ဟူ၍လည်း ဖော်ပြထားသည်။ **(အင်တာနက်)**

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ နိုင်ငံတကာ ကားပြပွဲ၌ ပြသထားသော ဂျီအမ်ဒေဝူး ကားသစ်တစ်စီးကို ဧပြီ ၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်၌ အဆောက်အအုံမီးလောင် လူ ၁၀ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

ပေကျင်း ဧပြီ ၃၀

တရုတ်နိုင်ငံအရှေ့ပိုင်း ဝမ်ကျိုးမြို့တွင် ဧပြီ ၂၈ရက်က မီးလောင်မှုဖြစ်ပွားရာ လူ ၁၀ဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

သေဆုံး

အဆိုပါမီးလောင်မှုမှာ ဝမ်ကျိုးမြို့ အဆောက်အအုံတစ်ခု၏ခြောက်ထပ်တွင် မီးလောင်ခဲ့ခြင်းဖြစ်ပြီး အလုပ်သမားသုံးဦးမှာ မီးလောင်မှုကြောင့် ပွဲချင်းပြီးသေဆုံးသွားသည်။ ကျန်ခုနစ်ဦးမှာ မီးလောင်မှုဒဏ်ကြောင့် ဆေးဝါးကုသမှုခံယူစဉ် သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

မီးလောင်

မီးလောင်မှုကြောင့် ဒဏ်ရာရရှိသူ ရှစ်ဦးမှာ ကိုယ်ခန္ဓာ၏ ၃၀ရာခိုင်နှုန်း မီးလောင်ခံရပြီး ဆေးဝါးကုသခံယူနေရသည်။ သေဆုံးသူများမှာ အန်ဟွေးပြည်နယ်မှ လာရောက် အလုပ်လုပ်ကိုင်သူများ၊ ယူနန်ပြည်နယ်နှင့် ဟူဘိုင်ပြည်နယ်တို့မှ လာရောက် အလုပ်လုပ်ကိုင်သူများ ဖြစ်ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

သစ်သားကိုယ်ထည်ဖြင့် ပြုလုပ်ထားသော ဆိုင်ကယ်

ကိုယ်ထည်ကို သစ်သားများဖြင့်ပြုလုပ်ထားသော ဆိုင်ကယ်တစ်စီးအား ပြသထားစဉ်။ (ယာပုံ)

အဆိုပါဆိုင်ကယ်ကို တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့သားတစ်ဦးဖြစ်သည့် ပညာရှင်ကင်ဝမ်ဂူးက သစ်သားများဖြင့် မော်တော်ဆိုင်ကယ် ကိုယ်ထည်များ ပြုလုပ်တပ်ဆင်ကာ အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိ ချီကာဂို အနုပညာပစ္စည်းများပြပွဲ၌ ပြသခဲ့သည်။ ၎င်းပြပွဲတွင် ပညာရှင် ၁၀၀ ကျော်က ထူးခြားလက်ရာမြောက်သော ပစ္စည်းများ ပြုလုပ်ပြသခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးပြိုင်ပွဲ

မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေး ချန်ပီယံ ပြိုင်ပွဲဝင်တစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

ဂျာမနီနိုင်ငံ မြောက်ပိုင်း ဟီဆယ်လ်မြို့တွင် ကျင်းပသည့် မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးချန်ပီယံ ပြိုင်ပွဲတွင် ၂၀၀၅ခုနှစ်က ချန်ပီယံရရှိခဲ့သော ဝီလီချီဗာလီယာ ဝင်ရောက်ယှဉ်ပြိုင်နေခြင်း ဖြစ်သည်။ ယင်းပြိုင်ပွဲသို့ နိုင်ငံရှစ်နိုင်ငံမှ ပြိုင်ပွဲဝင် ၁၀၀ခန့် ဝင်ရောက်ယှဉ်ပြိုင်ကာ အမျိုးအစား ၁၆မျိုး ယှဉ်ပြိုင်ကြရသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နမီးဘီးယားမယ် သရဖူပြန်အပ်လိုက်ရ

ဂျိုဟန်နစ္စဘတ် ဧပြီ ၃၀

နမီးဘီးယားမယ် လီဖာရှီးကွာသည် ၎င်း၏နိုင်ငံ ပြည်ထဲရေးရုံးက အိမ်ထောင်ရေးနှင့်ဆိုင်သော စစ်ဆေးတွေ့ရှိချက်ကြောင့် သရဖူ ပြန်အပ်လိုက်ရကြောင်း တောင်အာဖရိက သတင်းစာတစ်စောင်က ဧပြီ၂၈ ရက်၌ ဖော်ပြသည်။

တင်ပြ

ရှီးကွာသည် အဆိုပါ မယ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုမီက အိမ်ထောင်ပြုခဲ့သည့် အထောက်အထားများနှင့်တကွ နမီးဘီးယား ပြည်ထဲရေးရုံးနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက ကိုယ်ဝန်စစ်ဆေးရေးအဖွဲ့သို့ တင်ပြခဲ့ကြောင်း ဂျိုဟန်နစ္စဘတ် အခြေစိုက်စတားသတင်းစာက ဖော်ပြသည်။

အဆိုပါ သရဖူကို သူမအနေဖြင့် ပြန်အပ်ခဲ့သဖြင့် မေ ၂၀ ရက် နမီးဘီးယားမယ်သစ်ရွေးချယ်ပွဲမတိုင်မီ ယင်းသရဖူမှာ ပိုင်ရှင်မဲ့အဖြစ်ရှိနေမည်ဖြစ်ကြောင်း သူမက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အိုင်တီနည်းပညာသုံးပစ္စည်းများ လက်တွေ့လေ့လာနိုင်မည့် ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် (၂၀၀၆) ပြပွဲ

ကွင်းဆင်းလေ့လာရေးသားသူ- မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၃၀

ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆ ပြပွဲကား ခြိမ့်ခြိမ့်သဲ ကျင်းပနေပြီ ဖြစ်သည်။ အိုင်စီတီ နည်းပညာကို စိတ်ဝင်စားသော ပြည်သူများ တဖွဲဖွဲ လာရောက်ကြည့်ရှု လေ့လာလျက်ရှိရာ ပြပွဲကျင်းပရာ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ အိုင်စီတီနည်းပညာကိုလေ့လာလိုသည့် ပြည်သူများနှင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

ဖုံးလွှမ်း

ယခုပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆တွင် အိုင်စီတီ နည်းပညာသုံး ကုမ္ပဏီပေါင်း ၇၇ ခု တို့က ပြခန်းပေါင်း၁၅၀ခန်းကျင်းပြသလျက်ရှိရာ ပြပွဲကျင်းပရာ တပ်မတော်ခန်းမကြီး တစ်ခုလုံး နောက်ဆုံးပေါ် အိုင်တီနည်းပညာ သုံးပစ္စည်းများနှင့် ဖုံးလွှမ်းလျက်ရှိနေသည်။

ပြပွဲတွင် အိုင်တီနည်းပညာသုံး ပစ္စည်းများကို အများပြည်သူတို့အား ခင်းကျင်းပြသရာတွင် I.C.E Computer Centre ပြခန်း၌ အိုင်တီပစ္စည်းပေါင်း ၁၀၀ကျော်ခန့် ပြသထားရာ PC များ၊ Notebook၊ PDA နှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ နောက်ဆုံးပေါ် Notebook ကွန်ပျူတာအမျိုးအစားပေါင်းစုံ၊ အင်တာနက်ချိတ်ဆက်ပစ္စည်းများ၊ မြန်နှုန်းမြင့်ကွန်ပျူတာများ၊ အင်တာနက်များ၊ မိသားစုသုံးကွန်ပျူတာများနှင့်အစိတ်အပိုင်းများ၊ ပရင်တာများ အမျိုးအစားပေါင်းစုံနှင့် ဆက်စပ်ပစ္စည်းများ ပြသထားရာ ပြည်သူများ စိတ်ဝင်တစားကြည့်ရှုလေ့လာလျက်ရှိသည်။

မြင့်မား

ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆ သို့ လာရောက်လေ့လာသူများတွင် လူငယ်များ အများစုဖြစ်ရာ မျိုးဆက်သစ်လူငယ်တို့၏အိုင်တီနည်းပညာအပေါ် စိတ်ဝင်စားမှုအရေအတွက်မှာ လျင်မြန်စွာ မြင့်မားလျက်ရှိနေသည်ကို ဖော်ပြနေသည်။

ထို့နောက်လင်းသူဇာကွန်ပျူတာ ပြခန်းကိုလေ့လာရာတွင် လင်းသူဇာ ကွန်ပျူတာမှ ဒေါ်ခင်သူဇာ(MD)က ပြခန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ လင်းသူဇာ ကွန်ပျူတာ ပြခန်းတွင် အိုင်တီပစ္စည်းပေါင်း ၃၀၀ကျော် ပြသထားရာ Pocket PC°များ၊ GPS°ပစ္စည်းများ (ကိုယ်လက်ရှိရောက်နေသော တည်နေရာကို ဖော်ပြသည့်ပစ္စည်း)၊ လူငယ်များ အကြိုက် အသံနှင့်ပတ်သက်သော အိုင်တီနည်းပညာသုံး MP$_3$၊ MP°$_4$ Player°များ၊ ဒီဂျစ်တယ်ကင်မရာများ၊ အင်တာနက်နှင့် Video Confercing° တို့တွင် သုံးသည့် Webcam°များကိုပြသထားသည်။ ပြပွဲကာလအတွင်း အထူးနှုန်းနှင့် ဝန်ဆောင်မှုများပေးလျက်ရှိသည်ကို တွေ့ရသည်။

ထို့အပြင် Access Spectrum ပြခန်းတွင်လည်း လေ့လာကြည့်ရှုသူများနှင့်စည်ကားလျက်ရှိရာ Apple ကွန်ပျူတာ၊ iPot နှင့် ဆက်စပ်ပစ္စည်းများ၊ PC ကွန်ပျူတာများ၊ Notebook၊ PDA၊ Network နှင့် ပတ်သက်သည့် ပစ္စည်းများ၊ ကွန်ပျူတာနှင့်ချိတ်ဆက်သုံး၍ရသည့် ကွန်ပျူတာများ၊ Printer နှင့် UPS များကို ခင်းကျင်းပြသထားသည်။

အိုင်တီနည်းပညာသုံး ပစ္စည်းများကို တစ်နေရာတည်း စုစုစည်းစည်း တွေ့မြင်ရသည်မှာ လေ့လာမှတ်သားဖွယ်ရာ မကုန်နိုင်အောင် ဖြစ်ရသည်။

တစ်ဖန် Global Technology ပြခန်းမှ ပြသထားသော အိုင်တီပစ္စည်းများကို ကြည့်ရှုရာတွင် Video Conferencing Fiber Network WANများနှင့် အိုင်တီနည်းပညာသုံး ပစ္စည်းများ ပြသထားသည်ကိုတွေ့ရသည်။ ထို့အပြင် WANချိတ်ဆက်မှု အွန်လိုင်းစာမေးပွဲကို အင်တာနက်မှ ဖြေဆိုနိုင်အောင်လည်း ကူညီပေးသွားမည်ဟုဆိုသည်။ လူငယ်များအတွက် အချိန်ကုန်စရာမလိုဘဲ အိုင်တီနည်းပညာရပ်ဆိုင်ရာ စာမေးပွဲများကို အင်တာနက်မှ ဖြေဆိုနိုင်ကြပြီ ဖြစ်သည်။

အမျိုးစုံလင်

ပြပွဲကျင်းပရာ တပ်မတော်ခန်းမ အတွင်း ပြခန်းများ အပြိုင်အဆိုင် ခင်းကျင်းပြသရာတွင် အိုင်တီပစ္စည်းများလည်း အမျိုးပေါင်း စုံလင်လှသည်။ Mastechပြခန်းတွင် လုံခြုံရေးဆိုင်ရာ ကင်မရာစနစ်၊ လုံခြုံရေး အချက်ပေးစနစ်၊ ရုပ်မြင်သံကြားလူခေါ်ဘဲလ်၊ အလုပ်ချိန် စီမံခန့်ခွဲမှု ထိန်းချုပ်ရေးစနစ်၊ လူဝင်လူထွက် စနစ်များကို အိုင်တီနည်းပညာများဖြင့် ထုတ်လုပ်ထားရာ အဆင့်အတန်း မြင့်လှသည်။ မမြင်မတွေ့ဖူးသည့် အိုင်တီပစ္စည်းများပင် ဖြစ်သည်။

အိုင်စီတီနည်းပညာရပ်ကို စိတ်ဝင်စားမှု၊ အသုံးချမှုနှင့် လေ့လာလိုက်စားသော မြန်မာလူငယ်တို့ များပြားလာလျက်ရှိရာ နိုင်ငံတော်က အိုင်စီတီ နည်းပညာရပ်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးကို ဆောင်ရွက်သည့်အနေဖြင့် အိုင်စီတီရက်သတ္တပတ်များ ကျင်းပလျက်ရှိရာ စိတ်ဝင်စားသူ ပြည်သူများအနေဖြင့် ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆ ပြပွဲသို့ သွားရောက်လေ့လာသင့်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ် (၂၀၀၆) အထိမ်းအမှတ် ပြပွဲတွင် I.C.E Computer Centre ပြခန်း၌ လူငယ်များ နောက်ဆုံးပေါ် အိုင်တီနည်းပညာသုံး ပစ္စည်းများကို လက်တွေ့လေ့လာစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဆက်စပ်ပစ္စည်း

Access Spectrum ပြခန်းမှ iPot နှင့် ဆက်စပ်ပစ္စည်းများကို ဤသို့ တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

အိုင်တီနည်းပညာသုံး Video Conferencingပစ္စည်းအား တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

ဒစ္စကာဗာရီ လွန်းပြန်ယာဉ် ဇူလိုင်လတွင် ပြန်လည်လွှတ်တင်မည်



ဒစ္စကာဗာရီလွန်းပြန်ယာဉ်သည် ပြင်ပဆီလှောင်ကန်၏ အပြင်ဘက်တွင် ချို့ယွင်းမှု အနည်းငယ်ရှိသော်လည်း ဇူလိုင်လတွင် ပြန်လည်လွှတ်တင်ရန် နာဆာအဖွဲ့က ဆုံးဖြတ်လိုက်သည်။

ပျက်ကျခဲ့

ကိုလံဘီယာလွန်းပြန်ယာဉ်သည် ၂၀၀၃ခုနှစ်က ကမ္ဘာ့လေထုသို့ပြန်ဝင်လာစဉ် ဆီလှောင်ကန်မှ ရေမြှုပ်ကွာကျခဲ့ကာ လွန်းပြန်ယာဉ်၏ တောင်ပံတွင် ထိခိုက်ခဲ့ပြီး လွန်းပြန်ယာဉ်ပျက်ကျခဲ့ရသည်။

အချိန်မီ

သို့ရာတွင် ၂၀၀၅ ခုနှစ် ဇူလိုင်လက ဒစ္စကာဗာရီ လွန်းပြန်ယာဉ် ပြန်လည် လွှတ်တင်ခဲ့စဉ်ကလည်း အလားတူပြဿနာများ ပေါ်ပေါက်ခဲ့သည်။ သို့သော်လည်း အချိန်မီ ပြုပြင်နိုင်ခဲ့သည်ဟု ဆိုသည်။

နာဆာအဖွဲ့က နိုင်ငံတကာအာကာသစခန်းသို့ နိုင်ငံတကာအာကာသစခန်းတည်ဆောက်မှုပြီးစီးရန် လွန်းပြန်ယာဉ်ပျံသန်းမှု (၁၆)ကြိမ် ပြုလုပ်ရန်စီစဉ်လျက်ရှိကြောင်းသိရသည်။

(ကိုးကား-အင်တာနက်)

ကိုယ်ဝန်ဆောင်ဇနီးသည်များအား အကူအညီပေးနိုင်ရန် တရုတ်အမျိုးသားများ အထူးလေ့ကျင့်နေကြရ

တရုတ်နိုင်ငံတွင် ကိုယ်ဝန်ဆောင် မိခင်များအား လိုအပ်သည့်အကူအညီများ ပေးနိုင်ရန်အတွက် အနာဂတ်တွင် ဖခင်နေရာရောက်ရှိလာတော့မည့်သူများအား လေ့ကျင့်မှုများပြုလုပ်ပေးလျက်ရှိသည်။

တရုတ်နိုင် ပွန်တော့မြို့တွင်ရှိသည့် ကျန်းမာရေးဌာနတွင် ဖခင်လောင်းများအား ကိုယ်ဝန်ဆောင်မိခင်များနည်းတူ ဝတ်ဆင်နေထိုင်စေကာ လေ့ကျင့်ခန်းများ၊ သွားလာလှုပ်ရှားမှုများနှင့် လုပ်ငန်းဆောင်တာကိစ္စအဝဝကို လေ့ကျင့်ပေးလျက်ရှိသည်။

အထူးသဖြင့် ဖခင်လောင်းများသည် ဝမ်းဗိုက်တွင် ခြောက်ကီလိုဂရမ်လေးသော အိတ်များပတ်ကာ ကိုယ်ဝန်ဆောင် အမျိုးသမီးတို့ကဲ့သို့ လှုပ်ရှားမှုများပြုလုပ်စေခြင်းဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင်များ၏ အခက်အခဲများနှင့် ပြဿနာများကို လက်တွေ့နားလည် သိရှိစေရန် ယခုကဲ့သို့ လေ့ကျင့်ခန်းပြုလုပ်စေခြင်းဖြစ်သည်။

သို့မှသာ မိမိ၏ ကိုယ်ဝန်ဆောင် ဇနီးသည်ကို မည်သို့ကူညီနိုင်မည်၊ မည်သို့အခက်အခဲဖြစ်နေသည်ကို ခံစားနားလည်နိုင်မည်ဖြစ်သည်ဟုဆိုသည်။ လက်တွေ့စမ်းသပ် သုတေသနပြုမှုများအရ ထိုကဲ့သို့ လက်တွေ့လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းသည် ထိရောက်မှုရှိကြောင်း ဇနီးမောင်နှံအကြား နားလည်မှု၊ ရိုင်းပင်းမှုနှင့် သံယောဇဉ်တို့ တိုးပွားစေကြောင်း ပြောကြားသည်။ **(ကိုးကား-အင်တာနက်)**

မြန်မာ့အငွေ့အသက်များ ထုံလွှမ်းနေသည့် စိတ္တသုခပန်းချီပြပွဲ

သတင်းဆောင်းပါး – မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၀

မြန်မာ့ပန်းချီ၏ အဆင့်အတန်းသည် မနိမ့်ချေ၊ နိုင်ငံတကာရှိ ပန်းချီပညာရှင်များနှင့် ရင်ပေါင်တန်းနိုင်သည့် အနေအထားရှိပြီး ခေတ်မီဆန်းသစ်သော ရေးဆွဲဟန်၊ စိတ်ကူးနှင့် တင်ပြပုံများမှာလည်း ထူးခြားလေးနက်မှုရှိလေသည်။

ကိုရင်လေးများ

ပန်းချီပညာရှင် ဦးစိုင်းထွန်းထွန်း ရေးဆွဲထားသော ကိုရင်လေးများ အမည်ရှိ ဆီဆေးပန်းချီကား၏ သက်ဝင်မှု။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ခင်းကျင်းပြသခဲ့

မြန်မာ့ပန်းချီ၏ ရသနှင့်အနှစ်သာရများကို ဖော်ကျူးထားသော မြန်မာပန်းချီဆရာတို့၏ စိတ္တသုခပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ပန်းပညာရှင်များအဖွဲ့ (ဗဟို)ပန်းချီပြခန်း၌ ခင်းကျင်းပြသခဲ့သည်။

ရန်ကုန်မြို့ တာမွေမြို့နယ်မှ ပန်းချီဆရာကိုးဦး၏ လက်ရာမြောက် ပန်းချီကား ၈၂ ကား ပြသထားရာ စိတ္တသုခပန်းချီပြခန်းအတွင်း ဝင်လိုက်သည်နှင့် လာရောက်လေ့လာကြည့်ရှုသူ၏ရင်ကို အေးမြသောခံစားမှုပေးလေသည်။

ထူးခြား

ပြခန်း၌အထူးခြားဆုံးပန်းချီကားမှာ ကိုရင်လေးများဟု အမည်ပေးထားသော ပန်းချီကားဖြစ်ပြီး ၂၄ လက်မ x လက်မ ၃၀ အရွယ်အစားရှိကာ ပန်းချီပညာရှင် ဦးစိုင်းထွန်းထွန်း ရေးဆွဲထားသည့် ဆီဆေးပန်းချီကားဖြစ်သည်။ ပန်းချီကားကို ကြည့်ခြင်းဖြင့် အနာဂတ်ဗုဒ္ဓဘာသာကို ဆက်လက်တာဝန်ထမ်းဆောင်ကြမည့် ကိုရင်လေးများ၏ အနေအထားအား ပြည်သူများ ပိုမိုကြည်ညိုစိတ်ဖြစ်အောင် မီးမောင်းထိုးပြရေးဆွဲထားသည့် ပန်းချီကားတစ်ချပ်ဖြစ်ရာ ကြည့်ရှုရသူအဖို့ လေးစားကြည်ညိုစိတ် တဖွားဖွားဖြစ်ပေါ်စေသည့် ပန်းချီကားဖြစ်သည်။ အရောင်ရွေးချယ်မှုနှင့် တင်ပြရေးဆွဲပုံမှာလည်း ထိမိလှကာ လက်ရာမြောက်ပန်းချီကားတစ်ချပ်ပင်ဖြစ်သည်။

နောက်ပန်းချီကားတစ်ချပ်မှာ ပန်းချီရွှေရည်မြင့်၏ မေတ္တာအမည်ရှိ ပန်းချီကားဖြစ်သည်။ ပိန်းကြာဖက်ပေါ်မှ ရေတစ်စက်အနေအထားကို ပီပီပြင်ပြင်ဖြစ်အောင် ဆီဆေးနှင့် ရေးဆွဲထားခြင်းဖြစ်သည်။ မြန်မာလူမျိုးတို့၏ နံနက်ခင်း အိပ်ရာထနိုးကြားလာသည်နှင့် မေတ္တာပို့၊ အမျှဝေကာ ပိန်းကြာရွက်ပေါ် ရေမတင်သလို သတ္တဝါအားလုံး ကျန်းမာကြပါစေ၊ ဘေးဒုက္ခကင်းဝေးကြပါစေဟူသော သဘောကိုရည်ညွှန်းရေးဆွဲထားခြင်းဖြစ်သည်။ စိတ်ကူး၊ အတွေးအခေါ်၊ ရေးဆွဲပုံများက မြင်ရသူရင်ကို ငြိမ်းချမ်းအေးမြမှုကို ပေးလေသည်။

မေတ္တာ

မြန်မာတို့၏ နံနက်ခင်း အိပ်ရာထနိုးကြားလာသည်နှင့် မေတ္တာပို့အမျှဝေကာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ရည်ညွှန်းရေးဆွဲထားသော ပန်းချီရွှေရည်မြင့်၏ မေတ္တာအမည်ရှိ ဆီဆေးပန်းချီကား၏ ဆွဲဆောင်မှု။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရှမ်းဈေး

ရှမ်းဈေးဟု အမည်ပေးထားသော ပန်းချီကားမှာ ဦးသိန်းလွင် ရေးဆွဲထားခြင်းဖြစ်ပြီး ရှမ်းပြည်နယ်မှ ငါးရက်တစ်ဈေး၏မြင်ကွင်းကို အမြင့်တစ်နေရာမှ ရေးဆွဲထားခြင်းဖြစ်သည်။ ရှမ်းတိုင်းရင်းသားတို့၏ လူမှုစရိုက်နှင့် ဈေးရောင်းဝယ်မှုကို သဘာဝအတိုင်းအခြေခံ အရောင်သုံးရောင်ဖြင့် ရေးဆွဲထားရာ အမြင်ဆန်းသစ်ပြီး စိတ်အာရုံကိုဖမ်းစားကာ ပန်းချီကားကို မြင်တွေ့ရသူမှာ ရှမ်းပြည်နယ်အတွင်းက ဈေးတစ်ခုသို့ရောက်ရှိနေသကဲ့သို့ ခံစားရသည်။

ပအိုဝ်းအဘွားအို

ထို့အပြင် ပန်းချီမိုးဝင်း၏ ပအိုဝ်းအဘွားအိုအမည်ရှိ ပန်းချီကားမှာ ခဲပန်းချီဖြစ်သည်။ ပအိုဝ်းအဘွားအိုတစ်ဦး ဆေးလိပ်သောက်နေပုံကို ပီပြင်သော ရေးဆွဲဟန်နှင့် ခဲကိုသုံးပြီး အနုစိတ်ခြယ်မှုန်းထားခြင်းဖြစ်သည်။ ပအိုဝ်းအဘွားအို၏ မျက်နှာပေါ်မှ တွန့်နေသောအရေးကြောင်းလေးများကို အမိအရ ရေးဆွဲထားရာ တကယ့်ပအိုဝ်းအဘွားအိုတစ်ဦး မိမိရှေ့တွင်ရောက်ရှိနေဘိသကဲ့သို့ ခံစားရသည်။ လက်ရာမြောက်ပြီး စွဲဆောင်မှုအား ကောင်းလှသဖြင့် လက်ဖြင့်ပင် ကိုင်တွယ်ကြည့်ရှုမိသည်အထိ ဖြစ်ရသည်။

ပအိုဝ်းအဘွားအို

ပအိုဝ်းအဘွားအို တစ်ဦး ဆေးလိပ်သောက် နေ ပုံ ကို ပီပြင်သော ရေးဆွဲဟန်နှင့် ခဲကို သုံးပြီးအနုစိတ်ခြယ်မှုန်းထားသော ပန်းချီမိုးဝင်း၏ ပအိုဝ်းအဘွားအို အမည်ရှိ ခဲ ပန်း ချီ ကား မှာ ဤသို့ လက်ရာ မြောက်လှသည်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ရေးဆွဲဟန်

တစ်ဖန် ပန်းချီဆရာဦးဝင်ဇင်၏ လေးမျက်နှာဘုရား ပန်းချီကားမှာ တြိဂံကွက်ပုံဖော်ရေးဆွဲနည်းဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး ခေတ်ပြိုင်ပန်းချီဆရာများ၏ ခေတ်ပြိုင်ရေးဟန်များဖြင့် ဖော်ကျူးရေးဆွဲထားခြင်းဖြစ်သည်။ ဆန်းသစ်ထူးခြားသော ရေးဆွဲဟန်ကြောင့် ကြည့်ရှုသူကို ဓမ္မရသပေးလျက်ရှိသည်။ သပ္ပာယ်လွန်းသော လေးမျက်နှာဘုရားကို ဖူးတွေ့ရသည်မှာ ကြည်ညိုစိတ်တဖွားဖွားဖြစ်ပေါ် ခံစားရသည်။

မြန်မာ့ပန်းချီပညာ အဆင့်အတန်းနှင့် အရည်အသွေးကို မြင့်သည်ထက်မြင့်အောင် အစဉ်ကြိုးစားနေကြသော မြန်မာပန်းချီပညာရှင်များ၏ လက်ရာများကို **စိတ္တသုခ** ပန်းချီပြပွဲ၌ ပေါ်လွင်အောင် ပြသထားရာ နိုင်ငံတကာ ပန်းချီအဆင့်အတန်းမီသည့် ပန်းချီလက်ရာများဖြစ်ပါကြောင်း လေ့လာရေးသား ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



ရှမ်းတိုင်းရင်းသားတို့၏ လူမှုစရိုက်နှင့် ဈေးရောင်းဝယ်မှုကို သဘာဝအတိုင်း ဖော်ညွှန်းရေးဆွဲထားသော ဦးသိန်းလွင်၏ ရှမ်းဈေး ပန်းချီကားကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

စင်ကာပူနိုင်ငံအသင်း (မြန်မာနိုင်ငံ)က ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၃၀

Singapore Association Of Myanmar (SAM) က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးပစ္စည်းကိရိယာများ ပြုပြင်ထိမ်းသိမ်းရေးဌာန (Biomedical Engineering Workshop) သို့ အလှူငွေကျပ်သိန်း ၇၀ ကို ဧပြီ ၂၈ ရက် နံနက် ၁၁ နာရီတွင် လာရောက်လှူဒါန်းသည်။

လှူဒါန်းပွဲသို့ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီးနှင့် SAMအသင်းဝင်များ၊ ပါမောက္ခဆရာဝန်ကြီးများ ဆေးရုံစီမံခန့်ခွဲရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် သိန်း ၇၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး **(ဝဲပုံ)**က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင် စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေလှောင်တမံဖွင့်ပွဲ

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် လားရှိုးမြို့ ကောက်ကွေ့ရေလှောင်တမံဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(လယ်/ဆည်)

● **ရှေ့ဖုံးမှ**

ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လားရှိုးခရိုင်နှင့်

အမှာစကား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး လားရှိုးမြို့ ကောက်ကွေ့ ရေလှောင်တမံ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(လယ်/ဆည်)

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရေလှောင်တမံ တည်ဆောက်ခဲ့သည့် အင်ဂျင်နီယာများ၊ ဒေသခံ တိုင်းရင်းသားများ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ရိုးရာအကအဖွဲ့ဝင်များ စုစုပေါင်း အင်အား တစ်သောင်းကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားသည်။

အမှာစကားပြော

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားသည်။

ထို့နောက် ရေလှောင်တမံဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်ပြီး လားရှိုးခရိုင် လားရှိုးမြို့နယ် ဒေသခံပြည်သူများကိုယ်စား ဦးစိုင်းစံထွန်းနှင့် ဒေသခံပြည်သူတစ်ဦးတို့က ကောက်ကွေ့ ရေလှောင်တမံတည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကောက်ကွေ့ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးတို့သည် ကောက်ကွေ့ရေလှောင်တမံ ကမ္ဗည်းကျောက်စာတိုင်ရှေ့၌ နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ကောက်ကွေ့ရေလှောင်တမံ ကမ္ဗည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ဗည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

အမွှေးနံ့သာရည်များပက်ဖျန်း

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကမ္ဗည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကောက်ကွေ့ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဒေသခံ ပြည်သူလူထုများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုနှင့်အတူ ရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့အား စီမံကိန်းရှင်းလင်းဆောင်၌ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ကောက်ကွေ့ရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရေလှောင်တမံ ရေဝေရေလဲဧရိယာ၌ ခြံစည်းရိုးကြက်ဆူရိုင်းဧက ၂၀ စိုက်ခင်းကို တိုင်းရင်းသား ခေါင်းဆောင်များ၊ ဒေသခံပြည်သူလူထုများနှင့်အတူ စိုက်ပျိုးကြသည်။

ကောက်ကွေ့ရေလှောင်တမံသည် တမံအလျားပေ ၁၀၈၀၊ တမံအမြင့် ၁၁၆ ပေရှိသည့် မြေသားတမံဖြင့် ကောက်ကွေ့ချောင်းကို ပိတ်ကာ၊ ကန်ရေပြည့်ရေလှောင်ပမာဏ၊ ဧကပေ ၅၂၀၀ သိုလှောင်၍ သီးထပ်သီးနှံစိုက်ပျိုးရန်မြေဧက ၈၄၃ ကို ဆည်ရေပေးနိုင်ပြီး မန်ဆူကျေးရွာအုပ်စုကိုလည်း သောက်သုံးရေပေးဝေနိုင်မည်ဖြစ်သည့်အပြင် ဒေသအကျိုးပြုလျက်ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင် တောင်ဥက္ကလာပ သံသုမာလမ်းနှင့် ပန်းခြံလမ်းထောင့်၌ဖွင့်

ရန်ကုန် မေ ၁၀

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၁၇) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းမကြီးနှင့် ပန်းခြံလမ်းထောင့်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ ကျင်းပရာ ဆိုင်ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်တို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးသိန်းဌေးက လိုက်လံရှင်းလင်းပြသသည်။

ရင်းရင်းနှီးနှီး

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။ **(သတင်းစဉ်)**



ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ်(၁၇) ဖြန့်ချီ

ရန်ကုန် မေ ၁၀

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၇)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် ပထမဆုံး ရင်ချင်းဆက်အမြွှာ အောင်မြင်စွာ ခွဲစိတ်မွေးဖွား၊ မြန်မာပြည်တွင် ပထမဆုံး သုံးဘီးကား ဒီဇိုင်းပုံစံသစ် မော်လမြိုင်စက်မှုဇုန်မှ ထုတ်လုပ်၊ အေးရှားဝေါလ်ဆိပ်ကမ်းမှ တစ်ဆင့် ပြည်ပသို့ ပဲမျိုးစုံတင်ပို့ဆောင်ရွက်လာ၊ ရန်ကုန်-မန္တလေး အမှတ်(၃) ခြောက်လမ်းသွား လမ်းမကြီး အကြီးစားပြင်ဆင်မှု မိုးမကျမီ အပြီးသတ်မည် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

တရုတ်နိုင်ငံတွင် အရန်လောင်စာဆီလှောင်ရန် ဆော်ဒီနိုင်ငံစိတ်ဝင်စား၊ ပြတိုက် သင်္ဘောအိုထဲက လူတစ္ဆေဟုတ်မဟုတ် သုတေသီများစူးစမ်း၊ ဘွားဘွားကံထူးရှင် ငါးပြားတန်လောင်းကစားစက်မှ ဆုငွေဆယ်သန်းဆွတ်ခူးစသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Emprie Media House ဖုန်း-၂၂၆၈၅၈က မြန်မာတစ်ပြည်လုံး ဖြန့်ချီထားသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲခြင်းစစ်ဆေးနေမှု စစ်ဆေးကြပ်မတ်

ရန်ကုန် မေ ၁၀

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ ဌာနဆိုင်ရာမော်တော်ယာဉ်များနှင့် တပ်မတော် မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုတို့ကို လှည့်လည် စစ်ဆေးကြပ်မတ်ကြသည်။ **(အပေါ်ပုံ)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ ဌာနဆိုင်ရာမော်တော်ယာဉ်များနှင့် တပ်မတော် မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီုးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

❐ ကျောဖုံးမှ

ယင်းနောက် ဝန်ကြီးများက ပန်းလှိုင် အခြေခံပညာအလယ်တန်းကျောင်းပြန်လည်ပြုပြင်ရေးလုပ်ငန်းများအတွက် ငွေကျပ်ငါးသိန်းကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးများသည် ပူတာအို-ဖုန်ကန်ရာဇီ မော်တော်ကားလမ်း ဖောက်လုပ်ပြီးစီးမှု၊ မန်စေကြိုးတံတားနှင့် ဒါကူရီဇာ ကြိုးတံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းပိုင်းရှိ တန်ဂျာချောင်းကူး တံတား တည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ လုပ်ငန်းရှင်းလင်းဆောင်၌ ခရိုင် အင်ဂျင်နီယာမှူးက တံတားတည်ဆောက်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြရာ နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခိုင်စိုးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ်လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများကိုပွင့်လင်းရာသီအတွင်း ပြီးစီးအောင် တည်ဆောက်ရေး ဆွေးနွေးမှာကြားသည်။

လိုအပ်သည်များမှာကြား

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ပူတာအိုလေဆိပ်သို့ ရောက်ရှိရာ ဧည့်ခန်းမ၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပူတာအိုလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း ပြုပြင်တိုးချဲ့ဆောင်ရွက်ရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့်ဝန်ကြီးများက လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဝန်ကြီးများသည် မြစ်ကြီးနားလေဆိပ် လေယာဉ်ကွင်းအနီးကျင်းပသည့် မြစ်ကြီးနားမြို့နယ် ခြစ်စည်းရိုးကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်၊ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့်ဝန်ကြီးဗိုလ်ချုပ်လှထွန်းတို့က ခြစ်စည်းရိုးကြက်ဆူပင်များကို အမှတ်တရ စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်သာယာမြို့နယ် လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်း လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကူညီဆောင်ရွက်

ရန်ကုန် မေ ၃၀

၂၀၀၆ခုနှစ် ဧပြီ ၂၈ရက်တွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်တွင် ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုနှင့်မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် အိုးအိမ်များပျက်စီးဆုံးရှုံးခဲ့ရသည့် လှိုင်သာယာမြို့နယ်အမှတ် ၁၅ရပ်ကွက်၊ ၁၉ရပ်ကွက်၊ ရွှေလင်ပန်းကျေးရွာနှင့် ကဇင်ကျေးရွာတို့မှ လေဘေးဒဏ်သင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာအနီးရှိ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက လေဘေးဒဏ်သင့် အိမ်ထောင်စုဝင်များအား ကူညီထောက်ပံ့ပေးလျက်ရှိသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ်၁၅သိန်းတန်ဖိုးရှိ ဆန်အိတ် ၂၅၀ကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်ကလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)မှ လှူဒါန်းသည့် ငွေကျပ် ၂၅သိန်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးဇော်မင်းကလည်းကောင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှလှူဒါန်းသည့်ငွေကျပ်၁၀သိန်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းကလည်းကောင်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ လှူဒါန်းသည့် ငွေကျပ် လေးဆယ့်တစ်သိန်း တန်ဖိုးရှိသော ထောက်ပံ့ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်မှူးချုပ် လှဌေးဝင်းက လက်ခံရယူသည်။

ဆက်လက်၍ လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ငွေကျပ်သိန်း ၅၀၊ ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ ရွှေကြာပန်း မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် လှိုင်သာယာစက်မှုဇုန်(၅)တို့က ငွေကျပ် ငါးသိန်းစီနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ငွေကျပ်တစ်သိန်းစီဖြင့်စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၄၄သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တို့က လက်ခံယူကြသည်။

ယင်းနောက် လေဘေးဒဏ်သင့် အိမ်ထောင်စုဝင်များကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းပြောကြား

အလားတူ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ လှိုင်သာယာမြို့နယ်မှ လေဘေးဒဏ်သင့်အိမ်ထောင်စုဝင်များ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက လှိုင်သာယာမြို့နယ် အမှတ် (၁၉)ရပ်ကွက် အောင်ဇေယျလမ်းရှိ အောင်ဇေယျမဏ္ဍာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ထောက်ပံ့ငွေများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ထို့နောက် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က လေဘေးဒဏ်သင့်အိမ်ထောင်စုများအား ကူညီထောက်ပံ့ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လေဘေးဒဏ်သင့် အိမ်ထောင်စုများအတွက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်းငွေကျပ် ငါးသိန်းကို ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လှူဒါန်းငွေကျပ် ၁၀သိန်းကို ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမြတ်မင်းကလက်ခံယူသည်။

လက်ခံယူ

ဆက်လက်၍ World Vision မှ တာဝန်ခံ မစ္စတာအိုင်ဗင်က ငွေကျပ်သိန်း ၁၀၀၊ ရွှေလင်ပန်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီက ငွေကျပ် ၁၀သိန်း၊ ဦးသိန်းဇော်(မန္တလာဂျစ် ထုတ်လုပ်ရေး)က ငွေကျပ် သုံးသိန်း၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များက ငွေကျပ် တစ်သိန်းစီနှင့် လှိုင်သာယာ၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ရွှေပြည်သာ၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီးနှင့် ထန်းတပင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများက ငွေကျပ် တစ်သိန်းစီဖြင့် စုစုပေါင်းငွေကျပ် ၁၄၂သိန်းကိုထောက်ပံ့လှူဒါန်းကြရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်တို့ကလက်ခံယူ ကြပြီးအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် ဓမ္မာရုံ၌ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက လေဘေးဒဏ်သင့်အိမ်ထောင်စုများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

လှိုင်သာယာမြို့နယ်လေပြင်းဒဏ်သင့် အိမ်ထောင်စုဝင်များအား ကယ်ဆယ်ရေးစခန်း သုံးခု ဖွင့်လှစ်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏စီစဉ်မှုဖြင့် ဝန်ကြီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့် ကူညီထောက်ပံ့မှုလုပ်ငန်းများကို မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

လှူဒါန်းငွေများ လက်ခံ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း လှိုင်သာယာမြို့နယ် လေဘေးဒဏ်သင့် အိမ်ထောင်စုများအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကိုလက်ခံစဉ်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးဦးသိန်းစိန် နိုင်ငံတော်ကဏ္ဍာစုံဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပို့ချ

ရန်ကုန် မေ ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်သည် ဧပြီ ၂၉ ရက် ညနေ ၅ နာရီမှ ည ၇ နာရီအထိ ရန်ကုန်တိုင်း လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ ဖွင့်လှစ်ထားသော အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၂၃)သင်တန်းသား ၈၀ တို့အား အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော် ကဏ္ဍာစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဟောပြောပို့ချသည်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မှ သင်တန်းသားလေ့လာရေးအဖွဲ့ ရောက်ရှိ

ရန်ကုန် မေ ၃၀

အိန္ဒိယသမ္မတနိုင်ငံ Naval Higher Command Course မှသင်တန်းသား ၂၆ဦးပါဝင်သော လေ့လာရေးအဖွဲ့ဝင်များသည် ယမန်နေ့ ည၉နာရီ ၁၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြသည်။

ကြိုဆို

အဆိုပါလေ့လာရေးအဖွဲ့ဝင်များအား နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

(အောက်ပုံ) (သတင်းစဉ်)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ဖြစ်ပွားသော လူသတ်၊လုယက်မှု ပြည်သူများကူညီမှုကြောင့် တရားခံများအား ၇၂နာရီအတွင်း ဖမ်းဆီးရမိ

ရန်ကုန် မေ ၃၀

ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၁၀)ရပ်ကွက် ဗိုလ်စောနောင်လမ်းနှင့် နီလာလမ်းထောင့်၌ ဧပြီ ၂၃ ရက် ည ၉နာရီ၁၅ မိနစ်ခန့်တွင် ဂုန်နီအိတ်ဖြင့်ထည့်၍ စွန့်ပစ်ထားသော ဓားဒဏ်ရာများဖြင့် သေဆုံးနေသည့် အမည်၊ နေရပ်မသိ အသက် ၂၀ခန့်အရွယ်ရှိ အမျိုးသားတစ်ဦး၏အလောင်းကို တွေ့ရှိခဲ့ရသည်။

စုံစမ်းစစ်ဆေးချက်များအရ အသတ်ခံရသူလူငယ်မှာ ကမာရွတ်မြို့နယ် အင်းစိန်လမ်း အမှတ် ၁၅၄ (ဒုတိယထပ်) နေ Easterletသွင်းကုန်ထုတ်ကုန်ကုမ္ပဏီမှ ရုံးအကူ မျိုးမင်းအေး အသက်(၂၀) (အဖ) ဦးအေးဝင်းဖြစ်ကြောင်း သိရှိရပြီး မျိုးမင်းအေးအား ကြိုတင်ကြံစည်စောင့်ဆိုင်းပြီး လုယက်သတ်ဖြတ်ခဲ့သည့် ရဲထွန်း(ခ)ရဲထွန်းဦး (၂၆)နှစ် (အဖ) ဦးထွန်းလင်းနှင့် ထော်လေး(ခ)ချစ်ဖူး (၁၈)နှစ် (အဖ) ဦးစိုးမိုးတို့အား ဧပြီ ၂၆ရက် ည ၁၁ နာရီခွဲခန့်တွင်လည်းကောင်း၊ ဒေါ်ခင်မာကြည်(ခ)ဒေါ်ခင်မကြူ (၄၂)နှစ် (အဖ) ဦးဟိန်းမောင်အား ဧပြီ ၂၆ရက် နံနက် ၈ နာရီတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဝိုင်းဝန်းထိုးသတ်

ထွက်ဆိုချက်များအရ မလေးရှားနိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများက Easterlet ကုမ္ပဏီမှတစ်ဆင့် ၎င်းတို့မိသားစုထံ ပေးပို့ခဲ့သည့်ငွေများကို ၎င်းကုမ္ပဏီမှရုံးအကူ မျိုးမင်းအေးက ဧပြီ ၂၃ ရက်တွင် လိုက်လံပေးပို့ခဲ့ကြောင်း၊ မလေးရှားနိုင်ငံမှ ဒေါ်ခင်မာကြည်၏ ခင်ပွန်း ဦးစိုးထွန်း ပေးပို့သော ငွေကျပ် ၅၇၀၀၀ ကို ဒေါ်ခင်မာကြည်ထံ သွားရောက်ပေးအပ်စဉ် ယင်းနေအိမ်၌ အသင့်စောင့်ဆိုင်း နေသော ရဲထွန်း(ခ) ရဲထွန်းဦး၊ ထော်လေး(ခ)ချစ်ဖူးနှင့် ဒေါ်ခင်မာကြည်တို့က ငွေကျပ် ၃၄၂၂၀၀၀ ထည့်ထားသော ကျောပိုးအိတ်ကို လုယူပြီး စကောဘာ၊ဝက်အူလှည့်နှင့် ၄က်ကြီးတောင်ဓားတို့ဖြင့် ဝိုင်းဝန်းထိုးသတ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ လူသတ်လုယက်မှု တရားခံ သုံးဦးအား ပြည်သူလူထု၏ ဝိုင်းဝန်းကူညီသတင်းပေးမှုကြောင့် ၇၂ နာရီအတွင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✡ ကျောဖုံးမှ

နောင်ချိုမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးသို့ပေးပို့ခဲ့သော အဆိုပါ နောင်ချိုမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်၁၅ဦး၏နုတ်ထွက်လွှာတွင် နောင်ချိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပါတီနိုင်ငံရေးသက်သက်သာဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ချက်ဖြင့် နောင်ချိုမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းတို့အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို) NLD ၏လုပ်ရပ်များနှင့် ပါတီ၏ အနေအထားအပေါ် စိတ်ကုန်ခန်းမှု ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့အပြင် ဒေသတိုးတက်ရေးဆောင်ရွက်ရာတွင် NLD(ဗဟို)၏ဦးဆောင်မှု၊ ကူညီပံ့ပိုးမှုမရှိသဖြင့် ပြည်သူလူထုကလည်း ၎င်းတို့ NLD အဖွဲ့ဝင်များအား ဒေသ၌လူပိုအဖြစ်သဘောထားလျက် အထင်အမြင်သေးခြင်းကို ခံနေရပါကြောင်း၊ ယနေ့နိုင်ငံတော်အစိုးရ၏ တိုင်းပြည်နှင့် လူမျိုးအတွက် အမှန်တကယ် ဆောင်ရွက်ပေးနေသောဖွံ့ဖြိုးတိုးတက်မှုများကို ၎င်းတို့ကျေနပ်လက်ခံပါကြောင်း၊ ၎င်းတို့အဖွဲ့အနေဖြင့်လည်း ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းလျက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစွမ်းကုန် ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း၊ နောင်ချိုမြို့နယ် ဒီမိုကရေစီအဖွဲ့ချုပ်ကို မူလက ပါတီဝင် ၁၇ဦးဖြင့် ဖွဲ့စည်းထားရှိခဲ့ရာ ဦးထွန်းထွန်းဟိန်းသည် ရန်ကုန်ကြည့်မြင်တိုင်မြို့နယ်သို့ပြောင်းရွှေ့သွားပြီး ဦးကျော်တင့် (အဖွဲ့ဝင်၊ ဈေးရပ်၊ နောင်ချိုမြို့)သည် ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ ၎င်းတို့လက်ကျန် ပါတီဝင် ၁၅ဦးကလည်း NLD အနေဖြင့် မှန်ကန်သော ဦးဆောင်မှုမပေးနိုင်သည့်အပြင် ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲများဖြင့် ကွဲပြားလျက်ရှိနေသည်ကို တွေ့ရှိနေရသဖြင့် နောင်ချိုမြို့နယ် NLD အလုပ်အမှုဆောင်အဖွဲ့ကို ၎င်းတို့ ဆန္ဒအလျောက် ဖျက်သိမ်းခဲ့ပြီး NLDပါတီဝင်အဖြစ်မှ အပြီးအပိုင် နုတ်ထွက်ပါကြောင်း၊ ဦးမြင့်ဆွေ (ဥက္ကဋ္ဌ)နေအိမ်၌ ဖွင့်လှစ်ထားသော နောင်ချိုမြို့နယ် NLD ရုံးကိုလည်း ဧပြီ ၂၉ရက်မှစ၍ ပိတ်သိမ်းပြီးဖြစ်ပါကြောင်း ဖော်ပြထားသည်။

(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

ပါမောက္ခ ဒေါက်တာခွန်စိုးမိုး

ကြက်ငှက်တုပ်ကွေးရောဂါဆိုသည်မှာ အဘယ်နည်း။

ကြက်ငှက်တုပ်ကွေးဆိုသည်မှာ အများအားဖြင့် တောင်ပံပါသော သတ္တဝါများကို ကူးစက်တတ်သော ဗိုင်းရပ်(စ်)ရောဂါတစ်မျိုး ဖြစ်သည်။ ဝက်သို့လည်း တစ်ခါတစ်ရံ ကူးစက်တတ်သည်။ ကြက်ငှက်တုပ်ကွေးရောဂါသည် အများအားဖြင့် သတ်မှတ်ထားသော သတ္တဝါများတွင်သာ ဖြစ်လေ့ရှိသော်လည်း လူသို့ကျော်လွှားကူးစက်တတ်သည်။ အိမ်မွေးကြက်၊ ဘဲတို့တွင် ဖြစ်တတ်သော ကြက်ငှက်တုပ်ကွေးတို့သည် အများအားဖြင့် ပုံသဏ္ဌာန်နှစ်မျိုးဖြင့် လာရောက်တတ်သည်။ တစ်ခုမှာ အပျော့စားဖြစ်ပြီး၊ ကြက်များအနေအထိုင်ကုပ်သွားခြင်း၊ ဥစားကြက်မများတွင် ဥနှုန်းကျဆင်းခြင်းတို့ဖြင့် အလွယ်တကူ သတိမမူမိဘဲ ရှိတတ်သည်။ အပြင်းစားမှာ အလွန်လျင်မြန်ပြီး ကြက်များအသက်ရှူခက်ခဲခြင်း၊မျက်ရည်နှင့်နှာရည်ကျခြင်း၊ ဦးခေါင်းနှင့်မျက်နှာဖောရောင်ခြင်း၊ ခြေထောက်နှင့်ခြေဆစ်တွင် သွေးယိုစီးမှုဖြစ်ပြီး အနီအစက်အပြောက်များ ပေါ်လာခြင်းဖြင့် ကြက်ခြံတစ်ခုလုံး သေဆုံးကုန်သည်အထိ ဖြစ်နိုင်သည်။ ဤကဲ့သို့ ဖြစ်ခဲ့လျှင်လည်း ၄၈နာရီအတွင်း လျင်မြန်စွာ ကူးစက်တတ်သည်။

မည်သည့် ဗိုင်းရပ်(စ်)ပိုးသည် ရောဂါပြင်းထန်စွာ ဖြစ်စေနိုင်ပါသနည်း။

တုပ်ကွေးဗိုင်းရပ်(စ်)အမျိုးအစား(A)၊ (B)နှင့် (C)ဟူ၍ သုံးမျိုးရှိရာတွင်(A)နှင့်(B)အမျိုးအစားနှစ်ခုသာ လူ၏ကျန်းမာရေးနှင့် ပတ်သက်သည်။ အေအမျိုးအစား တုပ်ကွေးဗိုင်းရပ်(စ်)တစ်မျိုးသာ ဆိုးရွားစွာ ပျံ့နှံ့ခြင်း (Pandemic)ဖြစ်နိုင်သည်။ တုပ်ကွေးဗိုင်းရပ်(စ်)(A) တွင် အုပ်စုကွဲ(H)နှင့် အုပ်စုကွဲ(N)ဟု ထပ်မံခွဲခြားနိုင်သည်။ အမျိုးအစား(H)တွင် အုပ်စု၁၆စုရှိပြီး အမျိုးအစား(N)တွင် ကိုးအုပ်စုရှိသည်။ (H)အုပ်စုမှာ ကူးစက်ခြင်းအတွက် အရေးပါပြီး ထိုးဖောက်ဝင်ရောက်နိုင် စွမ်းအားကို ဖော်ပြသည်။ (N)အုပ်စုမှာ မျိုးဆက်သစ် ဖြစ်ပေါ်နိုင်စွမ်းအားကို ပြသည်။ (H_5)နှင့် (H_7) အုပ်စုတို့သည် ရောဂါဖြစ်စေနိုင်သော အုပ်စုများဖြစ်သည်။ သို့ရာတွင် (H_5) နှင့် (H_7)အုပ်စုဝင်အားလုံးရောဂါ ဖြစ်စေသည် မဟုတ်ပါ။ (H_5)နှင့်(H_7)အုပ်စုဝင် ဗိုင်းရပ်(စ်)တို့သည် ကြက်ခြံတို့တွင် အပျော့စားပုံသဏ္ဌာန်ဖြင့် မကြာမကြာ ဝင်ရောက်လေ့ ရှိသည်။ ထို့အတွက်ကြောင့် (H_5)နှင့် (H_7)အုပ်စုဝင် ဗိုင်းရပ်(စ်)များ ကြက်ခြံထဲတွင် တွေ့သည်နှင့် အရေးတယူ မပြုလုပ်ကြခြင်း ဖြစ်သည်။ ဤကဲ့သို့ ကြက်ခြံတွင်းသို့ မကြာမကြာ ဝင်ရောက်နေရာမှ ထိုဗိုင်းရပ်(စ်)ပိုးတို့သည် လအတော်ကြာပြီးသည့်အခါ၌ ခံနိုင်ရည်ရှိလာပြီး ပြင်းထန်သော ရောဂါပေးနိုင်သည့် မျိုးအုပ်စုအဖြစ်သို့ အသွင်သဏ္ဌာန် ပြောင်းလဲတတ်ကြသည်။

ဆောင်းခိုငှက်များဖြင့် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်(စ်)များ ပြန့်ပွားစေနိုင်ပါသလား။

ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်(စ်)များ ဆောင်းခိုငှက်များဖြင့် ပြန့်ပွားသွားခြင်းရှိ၊မရှိ ယခုအချိန်ထိ တိတိကျကျ မပြောနိုင်သေးပါ။ ရေဘဲတို့သည် တုပ်ကွေးဗိုင်းရပ်(စ်) (H_5) နှင့် (H_7) ကို သယ်ဆောင်ထားကြသော်လည်း ရောဂါဖြစ်ပွားခြင်းမရှိဘဲ နေနိုင်သည်မှာ ရာစုတစ်ခုပင် ရှိခဲ့သည်ဟု သိထားရသည်။ ထို့ကြောင့် ရေဘဲများသည် ကြက်ငှက်တုပ်ကွေးကို ဖြန့်ချိပေးသော သတ္တဝါများမဟုတ်ဟု ယူဆထားခဲ့သည်။ ထိုရေဘဲများ သယ်ဆောင်ထားသော (H_5) နှင့် (H_7) အမျိုးအစား ဗိုင်းရပ်(စ်)သည် ကြက်ခြံထဲသို့ ရောက်ရှိသွားပါက ရောဂါပြင်းထန်သော အသွင်သဏ္ဌာန်သို့ ပြောင်းသွားနိုင်သည်။ သို့ရာတွင် ယခုဖြစ်ပွားနေသော ကြက်ငှက်တုပ်ကွေးတွင်မူ ဆောင်းခိုငှက်တို့သည် (H_5N_1) အမျိုးအစား လွန်စွာအန္တရာယ်ကြီးသော ဗိုင်းရပ်(စ်)ကို တိုက်ရိုက် ဖြန့်ဖြူးပေးသော သတ္တဝါများ ဖြစ်နိုင်သည်ဟု ကောက်ချက်ချထားသည်။ ထို့ကြောင့် အခြားဒေသများသို့ ပျံ့နှံ့သွားနိုင်သေးသည်ဟု ယုံကြည်ပြီး စောင့်ကြည့်လျက် ရှိနေခြင်းဖြစ်သည်။

လက်ရှိဖြစ်ပွားနေသော ကြက်ငှက်တုပ်ကွေးရောဂါ၏ အထူးဝိသေသသည် အဘယ်နည်း။

လက်ရှိဖြစ်ပွားနေသော ကြက်ငှက်တုပ်ကွေးရောဂါသည် အရှေ့တောင်အာရှတွင် ၂၀၀၂ခုနှစ် နှစ်လယ်ပိုင်းမှ စတင်ဖြစ်ပွားခဲ့ပြီး အရေအတွက် အများဆုံးနှင့် အပြင်းထန်ဆုံး မှတ်တမ်းဝင်ပါသည်။ ယခင်ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးသမိုင်းတွင် ဤမျှများပြားသောနိုင်ငံများ တစ်ပြိုင်နက်ဖြစ်ပွားခဲ့ခြင်း မရှိသလို၊ သေဆုံးမှုကောင်ရေလည်း မများခဲ့ပါ။ ရောဂါဖြစ်ပွားစေသည့် (H_5N_1) ဗိုင်းရပ်(စ်)သည် ကြက်၊ ငှက်အကောင်ရေပေါင်း သန်း၁၅၀ခန့်ကို သေဆုံးခဲ့ပြီးသော်လည်း ယနေ့ထက်တိုင် အင်ဒိုနီးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ ဒေသအချို့တွင် ပြန့်ပွားလျက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံတို့တွင်လည်း ကြိုးကြား ဖြစ်ပေါ်လျက်ရှိနေသည်။ ဤရောဂါကို မွေးမြူရေးခြံတို့တွင် နိုင်နင်းစွာထိန်းသိမ်းနိုင်ရန် နှစ်အတန်ကြာ တိုက်ပွဲဝင်ရဦးမည်ဖြစ်သည်။

မည်သည့်နိုင်ငံတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ပါသနည်း။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလလယ်မှစ၍ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလဦးပိုင်းအထိ စတင်ဖြစ်ပွားခဲ့သည့် နိုင်ငံအလိုက် ပြောရမည် ဆိုလျှင် တောင်ကိုရီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ဖြစ်သည်။ ဤနိုင်ငံတို့တွင် ယခင်က ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သည်ဟု သမိုင်းမှတ်တမ်းများ မရှိခဲ့ပါ။ ၂၀၀၄ခုနှစ် ဩဂုတ်လဆန်းတွင် မလေးရှားနိုင်ငံသည် (H_5N_1) ကြက်ငှက်တုပ်ကွေးရောဂါကို စတင်တွေ့ရှိခဲ့သည်။ ထို့ကြောင့် အာရှတိုက်တွင် ကိုးခုမြောက်ဖြစ်ပွားခဲ့သော နိုင်ငံဖြစ်သည်။ ရုရှားနိုင်ငံသည် (H_5N_1) ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားမှုကို ၂၀၀၅ခုနှစ် ဇူလိုင်လတွင် စတင်တွေ့ရှိခဲ့သည်။ ၎င်းနောက်မှကပ်၍ ကာဇက်စတန်နိုင်ငံတွင် တောရိုင်းငှက်များ (H_5N_1) ကြောင့် သေဆုံးမှု ရှိကြောင်း သတင်းပေးခဲ့သည်။ တစ်ပြိုင်တည်းမှာပဲ မွန်ဂိုလီးယားနိုင်ငံမှလည်း ဆောင်းခိုငှက်တို့ (H_5N_1) ဖြင့် သေဆုံးနေသည်ဟု သတင်းပေးခဲ့သည်။ ၂၀၀၅ခုနှစ် အောက်တိုဘာလတွင်မူ တူရကီနိုင်ငံနှင့် ရိုမေးနီးယားနိုင်ငံတို့တွင်(H_5N_1) ရောဂါကို မွေးမြူရေးခြံများတွင် စတင်တွေ့ရှိခဲ့သည်။ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် ကြက်ငှက်တုပ်ကွေးရောဂါကို မွေးမြူရေးခြံများမှ အပြီးအပိုင် ဖယ်ရှားပြီးဖြစ်ကြောင်း ကြေညာခဲ့သည်။ အခြားနိုင်ငံများတွင်မူ ကြိုးကြားဖြစ်ပွားလျက် ရှိနေသေးသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် လူနှင့်မည်သို့ ပတ်သက်လာနိုင်ပါသနည်း။

(H_5N_1) အမျိုးအစား ကြက်ငှက်တုပ်ကွေးရောဂါသည် မွေးမြူရေးခြံများမှ လူသားသို့ပတ်သက်နိုင်ပုံ နှစ်နည်းရှိပါသည်။ ပထမနည်းမှာ ကြက်ငှက်တုပ်ကွေးရောဂါသည် အိမ်မွေးကြက်ငှက်များမှ လူသားသို့ တိုက်ရိုက်ကူးစက်ပြီး ဆိုးရွားသော အသက်ရှူလမ်းကြောင်းရောဂါ၊နမိုးနီးယားနှင့် ကိုယ်တွင်းအင်္ဂါအားလုံးအား အချိန်တိုအတွင်း ပျက်စီးစေပြီး သေဆုံးသည်အထိ ဖြစ်နိုင်သည်။ ဒုတိယအချက်မှာ ပို၍သတိထားရမည့် အချက်ဖြစ်သည်။ ၎င်းဗိုင်းရပ်(စ်)ပိုးသည် အချိန်အနည်းငယ်ကြာသည်နှင့် လူသားတို့ကို ပြင်းထန်စွာကူးစက်စေသော ပုံသဏ္ဌာန်အဖြစ်သို့ ပြောင်းလဲသွားနိုင်ပြီး လူသားတစ်ဦးမှ တစ်ဦးသို့ ကူးစက်စေနိုင်ခြင်းဖြစ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါ လူတွင်ဖြစ်ပွားမှုသည် မည်သည့် နိုင်ငံတွင် တွေ့ရှိရသနည်း။

လက်ရှိ ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားမှုကို ဓာတ်ခွဲစမ်းသပ်ပြီး လူများတွင် ဖြစ်ပွားသည်ဟု ပြောနိုင်သော နိုင်ငံမှာ လေးနိုင်ငံရှိသည်။ ၎င်းတို့မှာ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်သည်။ ဟောင်ကောင်တွင် ယခင်က ဤရောဂါမျိုးနှစ်ကြိမ်ခံစားခဲ့ရဖူးသည်။ ၁၉၉၇ ခုနှစ် ပထမအကြိမ်တွင် ဤ(H_5N_1) ဗိုင်းရပ်(စ်)ပိုးကြောင့် ၁၈ဦးရောဂါဖြစ်ပွားခဲ့ပြီး ခြောက်ဦးသေဆုံးခဲ့သည်။ ၂၀၀၃ခုနှစ် နှစ်ဦးပိုင်းတွင် နှစ်ဦးရောဂါဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးခဲ့သည်။

လူများသို့ မည်ကဲ့သို့ ကူးစက်နိုင်ပါသနည်း။

လူများသို့ ကူးစက်ခြင်းမှာ ရောဂါပိုးရှိသော ကြက်၊ ငှက်များကို ထိတွေ့ခြင်း၊ ကြက်၊ငှက်ရောဂါပိုးရှိသောနေရာ၊ ပစ္စည်းများကို ကိုင်တွယ်ခြင်းတို့ကြောင့်ဖြစ်သည်။ ယနေ့အထိ ဖြစ်ပွားခဲ့သော လူအများစုမှာ ကျေးလက်နှင့် မြို့အစွန်အဖျားတွင် နေထိုင်ကြသော လူများဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုလူသူတို့မှာ များသောအားဖြင့် မိမိတို့အိမ်တွင် တစ်နိုင်တစ်ပိုင် ကြက်မွေးမြူရေးပြုလုပ်သူများဖြစ်ကြပြီး ထိုတိရစ္ဆာန်များကို လွတ်လပ်စွာထားသဖြင့် ၎င်းတိရစ္ဆာန်များ အိမ်တွင်းသို့ဝင်ခြင်း၊ ကလေးများနှင့်ကစားခြင်းတို့ကြောင့်ဖြစ်သည်။ ရောဂါပိုးရှိသော ကြက်၊ ငှက်တို့သည် ၎င်းဗိုင်းရပ်(စ်)ပိုးတို့ကို မစင်စွန့်ရာတွင် အများအပြားစွန့်ထုတ်လိုက်ခြင်းဖြင့် ထိတွေ့မှုပိုဖြစ်စေနိုင်ပြီး ရောဂါကို လွယ်ကူစွာ ပြန့်ပွားစေနိုင်သည်။ အာရှတိုက်ရှိ ကျေးလက်နေပြည်သူတို့မှာ ဝင်ငွေအတွက်သော်လည်းကောင်း၊ စားစရာအတွက်သော်လည်းကောင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးကို လုပ်ကိုင်ကြသည်။ ထိုလူတို့သည် မွေးမြူထားသည့် ကြက်၊ ငှက်များ အနည်းငယ်နေထိုင်မကောင်းသည့် ပုံသဏ္ဌာန်ပြသည်နှင့် သတ်ပြီးရောင်းခြင်း၊ စားခြင်းပြုလုပ်ကြသည်။ ဤလေ့ကြောင့် ရောဂါရှိသော မွေးမြူရေးတိရစ္ဆာန်များကို သတ်သည့်အခါ၊ အမွေးနုတ်သည့်အခါ၊ ချက်ပြုတ်ရန်ကိုင်တွယ်သည့်အခါတို့တွင် ရောဂါကူးစက်စေတတ်သည်။

ရောဂါပိုးကူးစက်ခံထားရသော အသားကို စားသောက်ရန် စိတ်ချရပါသလား။

လက်ရှိရရှိထားသော အချက်အလက်များအရ ကြက်၊ ငှက်တုပ်ကွေးရောဂါသည် ကျက်အောင်ချက်ထားသော အစာမှ ကူးစက်သည်ဟု မတွေ့ရသေးပါ။ သို့ရာတွင် အထက်တွင်ပြောခဲ့သည့်အတိုင်း ရောဂါရှိသော ကြက်၊ ငှက်တို့ကို ကိုင်တွယ်ရာတွင် မိမိထံရောဂါ မကူးစက်နိုင်ရန် အကာအကွယ်များ၊ နှာခေါင်းကာများ၊ လက်အိတ်များဖြင့် သေချာစွာ ကိုင်တွယ်ရမည်ဖြစ်ပြီး ချက်ပြုတ်ရာတွင်လည်း နည်းလမ်းတကျချက်ပြုတ်ရန် အထူးလိုအပ်သည်။ (H_5N_1) ရောဂါပိုးသည် ရိုးရိုးအပူချိန်နှင့် ရေခဲသေတ္တာအပူချိန်တို့တွင် ကောင်းစွာအသက်ရှင် နေနိုင်သည်။ သို့ရာတွင် ရေပွက်ပွက်ဆူသော ဟင်းအိုးထဲတွင် နာရီဝက်ခန့် ကျက်အောင် ချက်ပါက ဗိုင်းရပ်(စ်)ပိုးတို့ သေဆုံးကုန်သည်။ မိမိစားသုံးမည့်ကြက်သားတုံးသည် အတွင်းအပြင်အားလုံး ကျက်သည်ကို သေချာရပါမည်။ ထို့အတူ ဥများကို ပြုတ်ရာတွင်လည်း သေချာစွာ ကျက်အောင်ပြုတ်ပြီး စားသောက်မှသာလျှင် စိတ်ချရသည်။ ထိုအသားနှင့်ဥကို ချက်ပြုတ်ရန်ကိုင်တွယ်သော အိမ်ရှင်မများအဖို့ စနစ်တကျ ကိုင်တွယ်မှုမရှိလျှင် ရောဂါကူးစက်ရန် အလွန်လွယ်ကူသည်။ ရောဂါပိုးရှိသည့်အသားများတင်သည့် စဉ့်တီတုံးများ၊ အိုးခွက်ပန်းကန်များကိုလည်း ဆပ်ပြာနှင့် သေချာစွာ ဆေးကြောပြီး ရေနွေးနှင့် ထပ်မံဆေးကြောရန် လိုအပ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့လွယ်ကူစွာ ကူးစက်နိုင်ပါသလား။

ယခုလက်ရှိဖြစ်ပွားသော ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားမှုတွင် တကမ္ဘာလုံး၌ လူပေါင်း ၁၀၀ကျော် ရောဂါကူးစက်ခံရသည်။ ဤကိန်းဂဏန်းသည် ရောဂါဖြစ်ပွားသော ကြက်ငှက်များနှင့် နှိုင်းယှဉ်လျှင်သော်လည်းကောင်း၊ ထို့ကြက်ငှက်များကို ကိုင်တွယ်သည့် လူဦးရေကိန်းဂဏန်းနှင့် ယှဉ်လျှင်သော်လည်းကောင်း လွန်စွာနည်းသည်။

ရောဂါလျင်မြန်စွာပျံ့နှံ့နိုင်သည့် အန္တရာယ်ရှိပါသလား။

ရောဂါလျင်မြန်စွာပျံ့နှံ့နိုင်ရန်မှာ အချက်သုံးချက်နှင့် ပြည့်စုံရန်လိုအပ်သည်။

(၁) တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး အသစ်ဖြစ်ခြင်း၊

(၂) ထို ဗိုင်းရပ်(စ်)ပိုးသည် လူသားကိုကူးစက်ပြီး ပြင်းထန်စွာ ဖျားနာစေခြင်း၊

(၃) လူမှလူသို့ လွယ်ကူစွာ ကူးစက်နိုင်ပြီး လူတွင် ကြာရှည်စွာ အသက်ရှည်နေထိုင်နိုင်ခြင်းတို့ ဖြစ်သည်။

(H_5N_1)ဗိုင်းရပ်(စ်)သည် အထက်ပါအချက်ဖြင့် ပြည့်စုံနေပါသည်။ (H_5N_1) သည် ဗိုင်းရပ်(စ်)မျိုး အသစ်ဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၆ခု မတ်လ ၂၁ရက်နေ့ထုတ်ပြန်ထားသော မှတ်တမ်းအရ လူပေါင်း ၁၈၄ဦး ရောဂါကူးစက်ခံရကာ ၁၀၃ဦးသေဆုံးခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူတွင်ရောဂါဖြစ်ပွားမှု မရှိစေရေး၊ လူတစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်မှုမဖြစ်စေရေးတို့ကိုသာ ယခုအခါ အာရုံစိုက်လျက်ရှိသည်။

ရောဂါရှိသောလူမှ အခြားလူတစ်ဦးသို့ ရောဂါကူးစက်နိုင်ပါသလား။

ယခုအထိ ရရှိထားသော အချက်အလက်များအရ ကြက်ငှက်တုပ်ကွေးရောဂါသည် ရောဂါရှိသော ကြက်၊ငှက်နှင့် တိုက်ရိုက်ထိတွေ့သောသူများနှင့် ၎င်းရောဂါကို အနီးကပ်ထိတွေ့ပြုစုရသော လူတချို့တွင်သာ တွေ့ရှိရသည်။ ကြက်ငှက်တုပ်ကွေးရောဂါကို မိသားစုတွင် တစ်ပြိုင်နက်တည်းဖြစ်ပွားကြသည်ကို တွေ့ရှိရသော်လည်း ၎င်းတို့သည် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ခြင်းဟုတ်၊ မဟုတ် မပြောနိုင်သေးပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ရောဂါဖြစ်ပွားသော ကြက်ခြံ၊ မွေးမြူရေးငှက်များနှင့် ထိတွေ့သည့် အချက်တူနေခြင်းကြောင့် ဖြစ်ပါသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေး ရှိပါသလား။

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေး ယခုအချိန်ထိ မရှိသေးပါ။ နိုင်ငံအတော်များများတွင် ကြိုးစားရှာဖွေလျက် ရှိနေကြပါသည်။ သို့ရာတွင် ယနေ့ထက်တိုင် ဈေးကွက်ဝင်သည့် ကာကွယ်ဆေး မထုတ်နိုင်သေးပါ။

ကြက်ငှက်တုပ်ကွေးကို ကုသနိုင်သော ဆေးဝါးများရှိပါသလား။

ရှိပါသည်။ ၎င်းတို့မှာ-

(၁) Tamiflu (Oseltamivir)

(၂) Relenza (Zanamivir)

ထိုဆေးဝါးများကို ရောဂါဖြစ်ပြီး ၄၈ နာရီအတွင်း ပေးမှသာလျှင် သက်သာမည်ဖြစ်သည်။ ဤဆေးများ၏ အခက်အခဲ နှစ်ချက်ရှိသည်။ ပထမအချက်မှာ ဤဆေးများကိုထုတ်လုပ်ရာတွင် လွန်စွာခက်ပြီး အချိန်အလွန်ကုန်သည်။ ဒုတိယအချက်မှာ ထိုဆေး၏ ဈေးနှုန်းသည် အများစုဝယ်သုံးနိုင်သော အခြေအနေတွင်မရှိပါ။ ယခုလက်ရှိ အခြေအနေတွင် (H_5N_1)ဗိုင်းရပ်(စ်)ကြောင့်ဖြစ်သော နမိုးနီးယားသည် ပဋိဇီဝဆေးများဖြင့် ကုသ၍မရပါ။သို့ရာတွင် နောက်ဆက်တွဲဖြစ်ပေါ်လာသော ဘက်တီးရီးယား၊ နမိုးနီးယားတို့မှာမူ ပဋိဇီဝဆေးများဖြင့် ကုသ၍ရနိုင်ကြောင်း တွေ့ရှိရသည်။

ကမ္ဘာတစ်ဝန်းကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ပြင်ဆင်ထားမှုရှိပါသလား။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ သတိပေးချက်မကြာခဏ ထုတ်ပြန်ပြီး ပြင်ဆင်ထားကြရန် ညွှန်ကြားနေသည်မှာ နှစ်နှစ်ကျော် ကြာခဲ့ပြီဖြစ်သည်။ သို့ရာတွင် ယနေ့အချိန်အထိ အသေအချာကာကွယ်ရန် ပြင်ဆင်ထားသော နိုင်ငံ ၄၀ ခန့်သာရှိပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကုသဆေးကို မှာယူထားသော နိုင်ငံ ၃၀ ခန့်မျှသာ ရှိသည်။ ထိုနိုင်ငံတို့သည်လည်း လုံလောက်သော ဆေးအရေအတွက်ကို မရရှိသေးပါ။ ဆေးကုမ္ပဏီများက လိုအပ်သော ဆေးအရေအတွက်ကို ဖြည့်ဆည်းပေးရန် မည်သို့မျှ မတတ်နိုင်သော အခြေအနေတွင် ရှိနေသည်။ လက်ရှိအခြေအနေတွင် ဖွံ့ဖြိုးဆဲနိုင်ငံတို့မှာ ဤကာကွယ်ဆေးနှင့် ကုသဆေးများထွက်ပေါ်လာသည့်တိုင် လက်လှမ်းမမီသော အနေအထားတွင်ရှိနေသည်။ လူသားများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေး၊ သုတ်သင်ရှင်းလင်းရေးတွင် ပူးပေါင်းပါဝင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းဖွဲ့စည်း ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေး အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါ ခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်က အမှာစကားပြောကြားသည်။

ဖွဲ့စည်းတာဝန်ပေး

ယင်းနောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကြီးငွေက ဥက္ကဋ္ဌ၊ ဦးမောင်မောင်စိုး(ဒါရိုက်တာ အဏ္ဏဝါရေလုပ်ငန်း ဦးပိုင်လီမိတက်) ပါဝင်သော မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ အသင်း အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း ကြေညာသည်။

ထို့နောက် အသင်းရန်ပုံငွေအတွက် အဏ္ဏဝါ ရေလုပ်ငန်းဦးပိုင်လီမိတက်က ငွေကျပ်သိန်း ၅၀၊ MMG ကုမ္ပဏီလီမိတက်နှင့် အဏ္ဏဝါလှိမ်းကုမ္ပဏီတို့က ငွေကျပ်သိန်း ၃၀ စီ၊ အဏ္ဏဝါအောင်ကုမ္ပဏီနှင့် စံပြရွှေငါး ကုမ္ပဏီတို့က ငွေကျပ်သိန်း ၂၀ စီ၊ ဆင်မင်းဆိပ်ကမ်း၊ ပြည်အောင်ရတနာ ကုမ္ပဏီလီမိတက်၊ မြန်မာမန်းအုပ်စု အထွေထွေရောင်းဝယ်ရေးနှင့် Great International Co., Ltd. တို့က ငွေကျပ်၁၅သိန်းစီ၊ Wings International Trading Co., Ltd.၊ ရွှေယမုံထုတ်လုပ်ရေး ကုမ္ပဏီ၊ အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီ၊ Yuzana Fisheries Co., Ltd.နှင့် Myanmar Seafood Co., Ltd. တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးတီတိုး၊ ၂၀၀၀ ရာစု ရေလုပ်ငန်းကုမ္ပဏီ၊ YFD၊ MHD၊ YQL၊ Sun Myanmar Co.,၊ မေယု(ကိုအောင်နိုင်)၊ Belle Myanmar Enterprise၊ T.T.T Co., နှင့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့က ငွေကျပ် ငါးသိန်းစီ၊ ပြည့်ဖြိုးထွန်းကုမ္ပဏီ၊ ဦးကျော်အေး (AAA Co.,)နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့က ငွေကျပ် သုံးသိန်းစီ စုစုပေါင်း ငွေကျပ် ၃၁၉ သိန်းကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်ကြသည်။

စည်းရုံးဖွဲ့စည်းနိုင်

မြန်မာနိုင်ငံတွင် ပင်လယ်ပြင်သို့ထွက်၍ ငါးဖမ်းဆီးသည့် ငါးဖမ်းရေယာဉ် ကမ်းဝေး ၁၈၈၇စီးနှင့် ကမ်းနီး ၂၃၉၅၄ စီးတို့ရှိပြီး အဆိုပါအင်အားစုကို နိုင်ငံတော်၏ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသားများ၏ ငါးရိက္ခာဖူလုံစေရေးနှင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေရေး ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းကို စည်းရုံးဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ထမ်းမိသားစု စုပေါင်းရှင်ပြု အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၃၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် ဇနီးဒေါ်ခင်ခင်ရီ တို့အားအမှူးထား၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန ပဌမအကြိမ် ဝန်ထမ်းမိသားစု၏ စုပေါင်းရှင်ပြုအလှူတော် မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေး ဦးစီးဌာနရှိ သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအလှူတော်မင်္ဂလာအခမ်းအနားသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် ဇနီးဒေါ်ခင်ခင်ရီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပရိတ်တရားတော်နာယူ

ရှေးဦးစွာဝန်ကြီး၊ ဇနီးနှင့် ဧည့်ပရိသတ်တို့သည် ကျောက်ကုန်းကျောင်းကြီးတိုက်ဆရာတော် ဘဒ္ဒန္တ ဝိသာရဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက် ဝန်ကြီး၊ ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁-၅-၂၀၀၆(တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မြေပြင်ရှုခင်းဖန်ဆင်းခြင်း (အပိုင်း-၁)
၇း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၄၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ကလေးတို့အကြိုက် ဂျယ်လီပြုလုပ်နည်း)
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၀၀	Myanmar Futsal အသင်း၏ ကြိုတင်ပြင်ဆင်မှုများ
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ(ရွှေထိုက်ရဲ့ 'ရှူး-၂၄')
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ရော်ဘာစိုက်ပျိုး ပြည်အကျိုး ဆတိုးဆောင်ရွက် စီးပွားတက်
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	ရန်ကုန်ရွက်လှေအသင်း၏ ဆုချီးမြှင့်ပွဲနှင့် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	မိကျောင်းမျိုးဆက် မပြုန်းတီးရေး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေး
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	လယ်ယာထွန်စက်
၁၀း၁၅	ပြည်တွင်း သတင်းအကျဉ်း
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	သုံးစွဲမနေ့ မြန်မာ့တိုင်းရင်းဆေး (တပင်တိုင်မြနန်း)
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	သိမှတ်စရာ ဆေးပညာ (အပိုင်း-၁)
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	ကြက် ငှက်တုပ်ကွေးရောဂါ အကြောင်း သိကောင်းစရာ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၁၀း၃၀	Sunderland-Arsenal	5-Sports(Live)
၁း၂၅	West Brom-West Ham	5-Sports(Live)

တရားတော်များဟောကြား

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား အာရုံခံတန်ဆောင်းတွင် မြန်မာနှစ်ဦးမင်္ဂလာ တရားပွဲများကို လပြည့်၊ လကွယ်နှင့် ဥပုသ်နေ့များတွင် ဟောကြားလျက်ရှိရာ ဧပြီ၁၇ ရက်က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိသုတ ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်စဉ်။ (၁၂၉)

ကြက်၊ဘဲထွက်ကုန်စည်များ ဒေသအားလုံးသို့ပို့ဆောင်ရောင်းချမှုများခွင့်ပြု ရောဂါထိန်းချုပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဧပြီ ၃၀

မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းရှိ မြို့နယ် ၁၃ မြို့နယ်၌ ၂၀၀၆ ခုနှစ် မတ်လဆန်းမှစတင်၍ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ စီမံခန့်ခွဲပံ့ပိုးမှုများနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်မှု ကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေး လုပ်ငန်း အဖွဲ့ချုပ်နှင့် မွေးမြူသူများပူးပေါင်း၍ ထိရောက်စွာဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ရောဂါဖြစ်ပွားမှုရပ်တန့်ခဲ့ရာ ဧပြီ၂၇ရက်အထိ ခင်ဦးမြို့နယ်တွင် အများဆုံး၃၄ရက်၊ ကျောက်ဆည်မြို့နယ်တွင် အနည်းဆုံးရက် ၂၀အထိ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်သည်။ အဆိုပါ ရောဂါဖြစ်ပွားခဲ့သော မြို့နယ်များတွင် ကြက်ငှက်တုပ်ကွေးပိုးရပ်စဲပိုး ပြန်လည်ရှင်သန်မှုရှိ၊ မရှိ ဆန်းစစ်နိုင်ရန်၊ ကြက်မွေးမြူရေးခြံများသို့ ကွင်းဆင်း၍ ကြက်သေဆုံးမှုနှုန်း စစ်ဆေးခြင်း၊ ကြက်တုပ်ကွေး၏ရောဂါ သွင်ပြင်လက္ခဏာများ စစ်ဆေးခြင်းနှင့် သွေးရည်ကြည်၊ လေပြွန်နှင့်စအိုမှနမူနာများ ကောက်ယူစစ်ဆေးခြင်း လုပ်ငန်းသုံးရပ်ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ရောဂါဖြင့် ကြက်သေဆုံးမှုနှင့် ရောဂါသွင်ပြင်လက္ခဏာများ မတွေ့ရှိရသည့်အပြင် ရောဂါစူးစမ်းရှာဖွေစစ်ဆေးခြင်းအတွက် မန္တလေးတိုင်းနှင့်စစ်ကိုင်းတိုင်းအတွင်း ဧပြီ ၂၇ရက်အထိ သွေးရည်ကြည် နမူနာ ၆၂၅ ခုနှင့် လေပြွန်မှ နမူနာအခု ၆၀ ကောက်ယူ စစ်ဆေးခဲ့ရာ H_5N_1 ရောဂါပိုးမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

ရောဂါဖြစ်ပွားခဲ့သည့် မြို့နယ်များတွင်ရောဂါစတင်ဖြစ်ပွားသည်မှစ၍ ကြက်၊ဘဲ၊ ကြက်ဥ၊ ဘဲဥ ရောင်းဝယ်သယ်ဆောင်မှုကို ယာယီပိတ်ပင်ခဲ့ရာမှ ယခုအခါ အခြားဒေသများသို့ သယ်ဆောင်ရောင်းချ ခွင့်မရှိသော်လည်း အဆိုပါမြို့နယ်များအတွင်း သယ်ဆောင်ရောင်းဝယ်နိုင်ပြီ ဖြစ်သည်။ ရောဂါမဖြစ်ပွားသည့် ပြည်နယ်၊တိုင်းများတွင်လည်း ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကြက်၊ ဘဲ ထွက်ကုန်စည်များကို ပိတ်ပင်ခဲ့ရာမှ အဆိုပါပြည်နယ်၊တိုင်းဒေသအချင်းချင်းနှင့် ရောဂါဖြစ်ပွားခဲ့သည့် မြို့နယ်များအပါအဝင် ဒေသအားလုံးသို့ ပို့ဆောင်ရောင်းချမှုများ စတင်ခွင့်ပြုဆောင်ရွက်လျက် ရှိနေပြီဖြစ်ရာ ဧပြီ၂၇ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးမြို့သို့ ကြက်ဥ ၃ ဒသမ ၂၅သိန်းနှင့် ကျောက်ပန်းတောင်းမြို့သို့ ကြက်ဥ ၁ ဒသမ ၀၇ သိန်းကို မှိုင်းတိုက် ပိုးသတ်၍လည်းကောင်း၊ ဧရာဝတီတိုင်းမှ ရန်ကုန်တိုင်းသို့ ကြက်ကောင်ရေ ၁၃၆၀၅ကောင်၊ ဘဲကောင်ရေ ၃၂၀နှင့် ကြက်ဥ၊ ဘဲဥ ၈ဒသမ၃သိန်းကိုလည်းကောင်း တင်ပို့ရောင်းချနိုင် ခဲ့ပြီးဖြစ်သည်။ ထိုသို့ သယ်ဆောင်ရောင်းဝယ်ရာတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန သက်ဆိုင်ရာ ဒေသရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများနှင့် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ၏ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်များအပေါ် ဒေသအာဏာပိုင်၏ ခွင့်ပြုချက်အရ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်မှု ကော်မတီတို့၏ စိစစ်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနှင့် အန္တရာယ်ကင်းရှင်းစွာစားသုံးနိုင်ရေး ဆိုင်ရာ သတိပေးနှိုးဆော်ချက်နှင့် သတိပြုလိုက်နာရန်များကို မြန်မာ့ရုပ်မြင်သံကြား၊ နေ့စဉ်ထုတ် သတင်းစာများနှင့် အပတ်စဉ်ထုတ်ဂျာနယ်များမှတစ်ဆင့် ထုတ်လွှင့်ဖော်ပြလျက်ရှိပြီး၊ ပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် မြေစိုက်ပိုစတာများစိုက်ထူခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် ယူနီဆက်၊ ကျန်းမာရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ၂၀၀၆ခုနှစ် မေလအတွင်း စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်နှင့် အခြားဒေသများသို့ ကွင်းဆင်း၍ ပြည်သူသို့ အသိပညာပေးခြင်းဆိုင်ရာလုပ်ငန်းများ ကို သုံးသပ်စိစစ်ပြီး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၁)ကြိမ်မြောက် ပြည်နယ်/တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ မွန်ပြည်နယ်က မကွေးတိုင်းကို ဂိုးပြတ်အနိုင်ယူ

သတင်းဓာတ်ပုံ - ကိုထွေး

ရန်ကုန် မေ ၃၀

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို မေ ၃၀ ရက် (ယနေ့) **ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စတင်ကျင်းပရာ မွန်ပြည်နယ်အသင်းက မကွေးတိုင်းအသင်းကို ၁၄ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံး အားကစားသမားဆုကို မွန်ပြည်နယ်အသင်းမှ ကျောနံပါတ်-၁၁ အိအိဖြိုးက ရရှိသွားသည်။**

ညှိနှိုင်းစည်းဝေး

(၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများ ညှိနှိုင်းအစည်းအဝေးကို မေ၂၉ ရက် မွန်းလွဲ၁ နာရီက အမျိုးသား ဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) အိုလံပစ်ဟိုတယ်-၂ ၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ တက်ရောက်ကြသည်။

ကြိုတင်နေရာချ

အသင်းအုပ်ချုပ်သူများ ညှိနှိုင်းအစည်းအဝေးအပြီးတွင် ပထမအဆင့် အုပ်စုအမှတ်ပေးပွဲစဉ်များကို မဲနှိုက်ရေးဆွဲသည်။ မဲနှိုက်ရာတွင် ယမန်နှစ်ပြိုင်ပွဲ၌ အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့ကြသော ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ကို တစ်အုပ်စုစီ၌ ကြိုတင်နေရာချထားပြီး ကျန်အသင်းများကို မဲနှိုက်၍ ရေးဆွဲခြင်းဖြစ်သည်။

(၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိ၍ ၁၆သင်းသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ၁၆ သင်းကို လေးသင်း ပါဝင်သော အုပ်စုနှစ်စုနှင့် သုံးသင်းပါဝင်သော အုပ်စုနှစ်စုခွဲခြား၍ ပထမအဆင့် အုပ်စုအမှတ်ပေး ပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု

ပွဲစဉ်ရေးဆွဲထားမှုအရ အုပ်စု(က)တွင် မွန်ပြည်နယ်အသင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်း၊ ကယားပြည်နယ်အသင်းနှင့် မကွေးတိုင်းအသင်းတို့ ပါဝင်သည်။ အုပ်စု(ခ)တွင် မန္တလေးတိုင်းအသင်း၊ ကရင်ပြည်နယ်အသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ ပါဝင်သည်။ အုပ်စု (ဂ)တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်း၊ ရန်ကုန်တိုင်းအသင်းနှင့် တနင်္သာရီတိုင်းအသင်းတို့ပါဝင်သည်။ အုပ်စု (ဃ)တွင် ပဲခူးတိုင်းအသင်း၊ ကချင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ ပါဝင်သည်။

ပထမအဆင့်အုပ်စု အမှတ်ပေးပွဲစဉ်များကို မေ ၂၂ရက်မှ ၇ရက်အထိ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင်ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ရန်ကုန်တိုင်းအသင်း

ပြည်နယ်နှင့်တိုင်း အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ခုနစ်ကြိမ်ဗိုလ်စွဲခဲ့သော လက်ရှိချန်ပီယံ ရန်ကုန်တိုင်း အမျိုးသမီး ဘောလုံးအသင်းသည် အောင်မြင်မှု အစဉ်အလာ ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် မတ် ၂၀ရက်မှစတင်၍ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ စခန်းဝင်လေ့ကျင့်ခဲ့သည်။ ပြိုင်ပွဲအကြိုခြေစမ်းသည့်အနေဖြင့် အသက် ၁၉နှစ်အောက် ပဏ္ဏာမလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဒုတိယပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

တာဝန်ယူ

လက်ရှိချန်ပီယံ ရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်းကို အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါ်မြတ်မြတ်ဦး၊ အုပ်ချုပ်သူအဖြစ် ဒေါ်သိန်းသိန်းငွေ၊ နည်းပြချုပ်အဖြစ် ဦးဝင်းစိန်၊ လက်ထောက်နည်းပြအဖြစ် ဦးသက်နိုင်တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

ပါဝင်

အားကစားသမားများအဖြစ် မိုးမိုးစိန်**(ဂိုး)**၊ ဖြူဖြူသင်း**(ဂိုး)**၊ သဲသဲချို၊ ခင်ခင်ကြွယ်၊ စိမ်းချိုအောင်၊ သီတာဦး၊ ဆွေဆွေသူ၊ အိဖြိုးဝေ၊ စုငြိမ်းအေး၊ နီလာမြင့်၊ မူမူလွင်၊ မိုးသီတာ၊ ဇာလီဝင်း၊ မူမူခင်၊ ကြည်ကြည်စန်း၊ နှင်းဆီမြင့်၊ ရီရီနွယ်၊ သီတာကြည်၊ မြင့်မြင့်လှိုင်နှင့် ဖူးပွင့်ခိုင်တို့ပါဝင်ကြသည်။

မွန်ပြည်နယ်အသင်း

၂၀၀၄ခုနှစ် (၉)ကြိမ်မြောက်ပြည်နယ်နှင့်တိုင်းအမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော မွန်ပြည်နယ်အမျိုးသမီးဘောလုံးအသင်းသည် ယခုပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် မတ်၁၆ရက်မှစတင်၍ စခန်းဝင်လေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်းသိရသည်။ ယမန်နှစ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်းကို အကြိုဗိုလ်လုပွဲ၌ ရှုံးနိမ့်ခဲ့သော မွန်ပြည်နယ်အသင်းသည် ယခုနှစ်၌ လက်ရွေးစင်ဟောင်း အများစုကိုအခြေခံ၍ ဖွဲ့စည်းထားရာ တောင့်တင်းသောအသင်းတစ်သင်းဖြစ်သည်။

တာဝန်ယူ

မွန်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းကို အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါ်မြသန်း၊ အုပ်ချုပ်သူအဖြစ် ဒေါ်ခင်မြင့်ဝေ၊ အတွင်းရေးမှူးအဖြစ် ဒေါ်မေမေခင်၊ ဒိုင်လူကြီးအဖြစ် ဒေါ်သီသီနိုင်၊ နည်းပြချုပ်အဖြစ် ဦးပေါက်စီ၊ လက်ထောက်နည်းပြအဖြစ် ဦးစိုးလွင်တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အားကစားသမားများအဖြစ် မြင့်မြင့်သန်း **(ဂိုး)**၊ ခင်မေသန်း**(ဂိုး)**၊ မင်းမင်းစိုး၊ ကြည်သန်း၊ ဂေးဖလောင်၊ မြင့်မြင့်အေး၊ ဘိုလှ၊ ခင်မိုးဝေ၊ မြင့်မြင့်ခိုင်၊ ဝါဝါထွေး၊ စန်းစန်းကြူ၊ အိအိဖြိုး၊ ရည်လင်းထက်၊ ဥမ္မာစန်း၊ ဇင်မိုးဝင်း၊ ကေသီနွဲ့၊ မြတ်မွန်၊ အိအိမိုးနှင့် နွယ်နွယ်စိုးတို့ ပါဝင်ကြသည်။

အကြိတ်အနယ်

(၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၌ ပါဝင်လျက်ရှိသော အားကစားသမား ၂၀ ပါဝင်ကစားခွင့်မရှိသော်လည်း အသက်(၁၉)နှစ်အောက် လက်ရွေးစင်များနှင့် လက်ရွေးစင်ဟောင်းများ ပါဝင်ကြမည်ဖြစ်ရာ အကြိတ်အနယ်ရှိမည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် မေ ၃၀

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မေ၂၈ရက်နံနက် ၉နာရီတွင် မိတ္ထီလာမြို့ လေကြောင်းအတတ်သင် လေတပ်စခန်း သူရအုန်းခိုင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ မြေပြင်အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ လေကြောင်းအတတ်သင် လေတပ်စခန်းနှင့် မြေပြင်အတတ်သင်လေတပ် စခန်းတို့မှ အရာရှိ၊ စစ်သည်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒိုင်းဆုပေးအပ်

အစီအစဉ်အရ တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကိုဆက်လက်ကျင်းပရာ တစ်ဦးချင်းဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး တံခွန်စိုက်ဒိုင်းဆု ဆွတ်ခူးရရှိသည့် လေကြောင်းအတတ်သင် လေတပ်စခန်းအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်က တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ လသာမြို့နယ် ၁၉လမ်း အမှတ် ၆၇နေ ဦးကျော်စိုး ဒေါ်ခင်နှောင်း၊ သမီး မကြည်လဲ့ဝင်း၊ သားမောင်အောင်ကျော်မိုး မိသားစု (လောက်ဝိုစိန် ယုန်တံဆိပ်မုန့်တိုက်)က ဘိုးဘွားများအား အာဟာရ ကျွေးမွေးရန်နှင့် ဘိုးဘွားလူနာများ အသုံးပြုနိုင်ရန် ဆေးရုံးသုံးခုတင် တစ်လုံးအတွက် ငွေကျပ်တစ်သိန်းကိုးသောင်းငါးထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

တောင်ဥက္ကလာပ စာဂလမ်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် စာဂလမ်းမ၏ ရေနုတ်မြောင်းနှစ်ဖက်တွင် စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်များ၊ စနစ်မကျသော အုတ်မြောင်းများ၊ အသေတပ်ထားသော အုတ်မြောင်းဖုံးများကြောင့် ယခုအခါတွင် မြောင်းများပိတ်ဆို့ကာ ရေစီးဆင်းမှု မရှိတော့ပါ။

လမ်း၏ တောင်ဘက်ခြမ်း လမ်းသွယ်(၁၇)လမ်းနှင့် ဝေဇယန္တာလမ်းမကြီးကြားရှိ မြောင်းအပိုင်းမှာ အဆိုးဆုံးဖြစ်ပါသည်။ လမ်းသွယ် ၁၇၊ ၁၈၊၁၉၊၂၀ ရှိ ရေနုတ်မြောင်းများမှာလည်း ရေလုံးဝ မစီးနိုင်တော့ပါ။

၁၈လမ်းနှင့် စာဂလမ်းမထောင့်တွင် ရေလျှံမှုဖြစ်ပေါ်နေပြီး ၎င်းရေအိုင်ကြောင့် လမ်းသွားလမ်းလာများ သွားရေးလာရေး ခက်ခဲပြီး ရေဝပ်သောနေရာတွင် ခြင်များပေါက်ပွား နေသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

မောင်သန့်ရှင်း

ပုဂ္ဂလိကဆန်စက် စက်မှုဇုန်သစ်သို့ ပြောင်းရွှေ့ပေးစေချင်

စာတည်းခင်ဗျား-

ပဲခူးတိုင်း ပြည်မြို့နယ် ဝက်ထီးကန်တွင် ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းရှင်များအတွက် နိုင်ငံတော်မှ စက်မှုဇုန်သစ်ချပေးထားသော်လည်း နဝင်း(၂)လမ်းနှင့် (၃)လမ်းကြားရှိ ဆန်စက်တစ်စက်မှာ လူနေရပ်ကွက်အတွင်း၌ပင် ဆက်လက် လုပ်ကိုင်လျက်ရှိပါသည်။

၎င်းဆန်စက်မှ ထွက်ရှိသော အမှုန်အမွှားများနှင့် ဖွဲခွံများကြောင့် ရပ်ကွက်အတွင်း နေထိုင်သူများ ကျန်းမာရေး ထိခိုက်နိုင်ပါသည်။ ထို့အပြင် ဖွဲခွံများကို ဂိုဒေါင်အတွင်း စနစ်တကျ သိုလှောင်ထားခြင်း မရှိသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်နေရပါသည်။ သို့ပါ၍ အဆိုပါ ဆန်စက်အား စက်မှုဇုန်သစ်တွင် ပြောင်းရွှေ့လုပ်ကိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

မော်ကျွန်းသို့ ရေယာဉ်ဆောလျင်စွာ ထွက်နိုင်ရေးစီစဉ်ပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့မှ မော်ကျွန်းမြို့သို့ နေ့စဉ်ခုတ်မောင်းနေသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များသည် ဘိုကလေးမြို့သို့ နံနက်၄နာရီခန့်တွင် ပုံမှန်ရောက်ရှိပြီး ၎င်းမှ နံနက် ၉ နာရီတွင် ဆက်လက် ထွက်ခွာပြီး မော်ကျွန်းသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ပါသည်။ ၎င်းအစား ဘိုကလေးမြို့မှ နံနက်၆နာရီတွင် ထွက်ခွာပါက မော်ကျွန်းသို့ နံနက်၇နာရီခွဲခန့်တွင် ရောက်ရှိပြီး ခရီးသည်နှင့် ကုန်တင်ဆောင်သူများ ပိုမိုအဆင်ပြေ လွယ်ကူမည်ဖြစ်ပါသည်။ သို့ပါ၍ ဘိုကလေးမှရေယာဉ်များ ဆောလျင်စွာ ဆက်လက်ထွက်ခွာနိုင်ရေး အချိန်ပြင်ဆင် ဆောင်ရွက်ပေးပါရန် အကြံပြုတင်ပြအပ်ပါသည်။

ခရီးသွားများ

လက်ဖက်ရည်ဆိုင်က သီချင်းသံ ကြားရသူအတွက် နားမခံသာ

စာတည်းခင်ဗျား-

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အောင်သိဒ္ဓိလမ်းရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် နံနက်မှည ၉နာရီခွဲအထိ သီချင်းသံများကို လိုအပ်သည်ထက်ပို၍ ကျယ်လောင်စွာဖွင့်နေခြင်းကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ပါ၍ အဆိုပါ လက်ဖက်ရည်ဆိုင်အား သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဖော့ကန်သား

စိုင်နိုင်ကွေ့-ဟန်လင်းလမ်း ပြုပြင်ပေးသင့်

စာတည်းရှင့်-

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ်ရှိ ဟန်လင်းမြို့ဟောင်းသို့ လေ့လာသူများ၊ ဘုရားဖူးခရီးသည်များ နေ့စဉ်လာရောက် လျက်ရှိပါသည်။ ခရီးသွားများ အဓိကသွားလာသော စိုင်နိုင်ကွေ့ - ဟန်လင်းလမ်းသည် ကောင်းမွန်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ဟန်လင်းသူ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

သာကေတမြို့နယ် ၁/အနော်မာ ရပ်ကွက် ရွှေမေတ္တာ အပြင်လမ်းနှင့် အတွင်းလမ်းများတွင် ရောင်းချနေသော လမ်းဘေးဈေးသည်များ၏ အမှိုက်များစည်းကမ်းမဲ့စွန့်ပစ်မှုကြောင့် ရွှေမေတ္တာလမ်းထိပ်မှ ဓမ္မာရုံအထိ ပင်မ ရေနုတ်မြောင်းများမှာ အမှိုက်များဖြင့် ပိတ်ဆို့နေပါ၍ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရွှေမေတ္တာလမ်းသား

အသံချဲ့စက်ကြောင့် နားမခံသာဖြစ်နေရ ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းပြီး

၃၀-၁-၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ မြင်းခြံမြို့နယ် ဗလုံကျေးရွာအုပ်စု ရွာသာကျေးရွာတွင် ဗီဒီယိုရုံနှစ်ရုံသည် ညပိုင်းတွင် **အသံချဲ့စက်များ တပ်ဆင်၍ပြသနေသဖြင့် နားမခံသာဖြစ်နေရ** ခေါင်းစဉ်ပါ ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြင်းခြံမြို့နယ် ဗီဒီယိုစိစစ်ကြီးကြပ်ရေးကော်မတီ

ကမ္ဘာတစ်လွှား အားကစား

မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား ထရီနီဒက်နှင့်တိုဘာဂိုအသင်း၏ ရပ်တည်မှုအနေအထား

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ထရီဒက် ဧပြီ ၃၀

မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၉ရက်တွင် စတင်ယှဉ်ပြိုင်ကစားတော့မည်ဖြစ်ရာ ပြိုင်ပွဲဝင် ခြေစစ်ပွဲအောင်ခဲ့သော ဘောလုံးအသင်းတစ်သင်းစီ၏ ရပ်တည်မှုအခြေအနေများကို မြန်မာ့အလင်း ဘောလုံးပရိသတ်အတွက် နေ့စဉ် ဖော်ပြပေးလျက်ရှိသည်။

ထရီနီဒက်နှင့်တိုဘာဂိုအသင်း

ခြေစစ်ပွဲအောင် ၃၂သင်းအနက်မှ (ခ)အုပ်စုတွင်ပါဝင်သော ထရီနီဒက်နှင့် တိုဘာဂိုအသင်း၏ ခြေစစ်ပွဲအောင်နိုင်ရန် ဖြတ်သန်းခဲ့ရမှု အခြေအနေများနှင့် စပ်လျဉ်း၍ Yangon Intertainment Ltd. မှ ရရှိသော သတင်း အချက်အလက်များကို ကိုးကားလျက် ဖော်ပြအပ်ပါသည်။

လူတစ်သန်းကျော်မျှသာ နေထိုင်သည့် ကရစ်ဘီယံဒေသမှ အဆိုပါအသင်းကို ခြေစစ်ပွဲအောင်လိမ့်မည်ဟု မည်သူကမျှ မထင်ခဲ့ကြပေ။ သို့သော်လည်း ထရီနီဒက်နှင့် တိုဘာဂိုအသင်းသည် အခက်အခဲများ အားလုံးကို ကျော်ဖြတ်ပြီး ထိုက်ထိုက်တန်တန် ခြေစစ်ပွဲ အောင်ခဲ့သည်။

အသစ်တစ်ဖန်မွေးဖွား

ခြေစစ်ပွဲအစပိုင်း အခြေအနေဆိုးနေသောအသင်းကို အသင်းကပ္ပတိန်ဟောင်း ဒွိုက်ယော့ ပြန်ရောက်လာပြီး ဒတ်ချ်နည်းပြ လီယိုဘင်ဟက်ကာတို့၏ စွမ်းဆောင်မှုများနှင့် အသင်းကို ပြန်လည် အသစ်တစ်ဖန် မွေးဖွားလာခဲ့သည်။

မက္ကဆီကိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည့်အတွက် ဘာရိန်းနှင့် ရှုံးထွက်ကစားခွင့်ရခဲ့ခြင်းသည် ထရီနီဒက်အသင်း၏ အလှည့်အပြောင်း ဖြစ်စေခဲ့သည်။

ဝင်ခွင့်ရ

တစ်သင်းလုံး၏ ကြံ့ခိုင်သည့် စိတ်ဓာတ်ကြောင့် ရှုံးထွက်အဆင့်မှာ ဘာရိန်းအသင်းကို နှစ်ပွဲပေါင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် ထရီနီဒက်အသင်းသည် ပထမဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဝင်ခွင့်ရခဲ့သည်။



ထရီနီဒက် အသင်း ခေါင်းဆောင် ဒွိုက်ယော့။
(အင်တာနက်)

ထရီနီဒက်နှင့်တိုဘာဂို လက်ရွေးစင်ဘောလုံးအသင်း။
(အင်တာနက်)

အစွမ်းအစရှိသော လူငယ်များနှင့် ဖွဲ့စည်းထားသော ထရီနီဒက်အသင်းကိုသာ ပြိုင်ဘက်အသင်းများ လျှော့တွက်ခဲ့မည်ဆိုလျှင် လျှော့တွက်သည့် အသင်းများသည် မထင်မှတ်သည်များနှင့် ရင်ဆိုင်သွားလိမ့်မည်ဖြစ်သည်။

အာရုံစိုက်လာ

ထရီနီဒက် ကွင်းလယ်ကစားသမားခရစ်ဘာချားလ်က ပြောကြားရာတွင် မိမိတို့အသင်းသည် အကောင်းဆုံး အုပ်စုတွင်ပါဝင်ကစားခွင့်ရသည့်အသင်းဖြစ်ကြောင်း၊ ယခုပင်လျှင် ဂျာမနီသို့ စောင့်မနေဘဲ သွားကစားလိုက်ချင်ကြောင်း၊ ယခုကဲ့သို့ ခြေစစ်ပွဲမအောင်မီက မိမိတို့အသင်းကိုသိသောသူနည်းလိမ့်မည်ဖြစ်ကြောင်း၊ မက္ကဆီကိုအသင်းကိုပင် အနိုင်ကစားနိုင်ခဲ့၍ မိမိတို့အသင်းကို အာရုံစိုက်လာကြကြောင်း ပြောကြားသည်။

ပါဝင်ကစား

ထရီနီဒက်နှင့် တိုဘာဂိုအသင်းကို အဓိက ဦးဆောင်ကစားမည့်ကစားသမားမှာ တစ်ချိန်က မန်ယူတို့အောင်မြင်မှု အလီလီရရှိခဲ့ ချိန် တိုက်စစ်မှူးအဖြစ် ပါဝင်ကစားခဲ့သော ဒွိုက်ယော့ပင်ဖြစ်သည်။

ပြန်လည်ဦးဆောင်နိုင်

မန်ယူအောင်မြင်ခဲ့သော နှစ်များက ဒွိုက်ယော့သည် အင်ဒီကိုးလ်နှင့်အတူ ဘက်ခမ်း၏အမြောက်ကန်ဘောများကို မလွတ်တမ်း ခေါင်းတိုက်သွင်းယူနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။ ၎င်းအနေဖြင့် နိုင်ငံအသင်းမှ အနားယူရန် ဆုံးဖြတ်ချက်ကို ပြင်ပြီး ထရီနီဒက်အသင်းကို အသင်းခေါင်းဆောင်အဖြစ် ပြန်လည်ဦးဆောင်နိုင်ခဲ့၍ ၎င်း၏ဆုံးဖြတ်ချက်သည် မှန်ကန်သည့်အတွက် အသင်းသည်လည်း ကမ္ဘာ့ဖလားဝင်ခွင့်ရခဲ့သည်။

၁၇ နှစ်တိတိ ဘောလုံးလောကမှာ ကျင်လည်နေပြီး အသက်၃၄ နှစ်အရွယ်မှာ ယခုကဲ့သို့ အခွင့်အရေးရရှိခဲ့မှုသည် ဒွိုက်ယော့အတွက် မမေ့နိုင်စရာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။

၎င်းအနေဖြင့် ၁၉၉၉ခုနှစ်မှာ မန်ယူနှင့် အတူဖလားသုံးလုံး ရယူနိုင်ခဲ့ဖူးသူဖြစ်ပြီး ဥရောပ၏ လူကြိုက်အများဆုံး ကစားသမား တစ်ယောက်အဖြစ် ရပ်တည်နေဆဲ ဖြစ်သည်။ လက်ရှိအချိန်မှာမူ ဒွိုက်ယော့သည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီကလပ်၌ ကစားလျက်ရှိသည်။

တန်ဖိုးအရှိဆုံး

၎င်း၏ ဂိုးသွင်းပုံ၊ ပွဲအပေါ်ထားသည့်စိတ်ဓာတ်၊ ကစားဟန်များသည် ၎င်းအားမည်သည့် ကစားသမားနှင့်မျှ မတူသည့် ကစားသမားဖြစ်စေပြီး ကရစ်ဘီယန်ဒေသ၏ တန်ဖိုးအရှိဆုံး ကစားသမားလည်းဖြစ်စေခဲ့သည်။

ဂျာမနီမြေတွင် ဂိုးသွင်းပေးနိုင်ခြင်း မရှိလျှင်တောင်မှ အသင်း၏ ကစားသမားများကို ဦးဆောင်မှုပေးနိုင်မည်ဖြစ်ပြီး တစ်ဖက်အသင်းကစားသမားများအတွက်လည်း ပဟေဠိဆန်သော ကစားသမားတစ်ဦး ဖြစ်လာမည်မှာ သေချာလျက်ရှိသည်။

ထရီနီဒက်နှင့် တိုဘာဂိုအသင်းသည် အုပ်စု(ခ)တွင် ပါဝင်ပြီး ဇွန် ၁၀ ရက်တွင် ဆွီဒင်အသင်းနှင့်လည်းကောင်း၊ ဇွန် ၁၅ ရက်တွင် အင်္ဂလန်အသင်းနှင့်လည်းကောင်း၊ ဇွန်၂၀ရက်၌ ပါရာဂွေးအသင်းနှင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားမည် ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

ညောင်ကုန်းပြာသာဒ်ကျောင်းတိုက် ဆရာတော်အားပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၃၀

မကွေးတိုင်း နတ်မောက်မြို့နယ် ပေါက်ကန် ကျေးရွာဇာတိဖွား ရန်ကုန်တိုင်း ပုဇွန်တောင် မြို့နယ် ညောင်ကုန်းကျောင်းတိုက် ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ အာသဘသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ဆက်ကပ်သော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံရသဖြင့် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို မေ ၇ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးရှိ တပည့် ဒါယကာ ဒါယိကာမများ လာရောက်ကြည်ညို ပူဇော်နိုင်ပါရန်နှင့် လှူဒါန်း ပူဇော်လိုပါက ဆရာတော် ဦးသြဘာသ ဖုန်း-၂၀၁၄၅၈ နှင့် ဆရာတော် ဦးနန္ဒသာရ ဖုန်း-၂၉၅၃၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဖလားနှင့်အတူ အောင်ပွဲခံ

ပရီမီယာရှစ်ဖလား ဆွတ်ခူးသွားသော ချယ်လ်ဆီးအသင်းသားများ ဖလားနှင့်အတူ ဤသို့အောင်ပွဲခံနေစဉ်။

(အင်တာနက်)

ချယ်လ်ဆီးက မန်ယူအား ဂိုးပြတ်သွင်းပြီး နှစ်နှစ်ဆက်တိုက် ပရီမီယာရှစ်ဖလားယူပြီ

အင်္ဂလန် ဧပြီ ၃၀

ပရီမီယာရှစ်ပွဲစဉ်(၃၇) ဘောလုံးပြိုင်ပွဲများကို ဧပြီ ၂၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီးအသင်းသည် မန်ချက်စတာ ယူနိုက်တက်အသင်းကို စတမ်းဖို့ဒ်ဘရစ်ဂျ်၌အနိုင်ရပြီး နှစ်နှစ်ဆက်တိုက် ပရီမီယာရှစ်ဖလားကို ဆွတ်ခူးသွားသည်။

ဗိုလ်စွဲ

ဂျိုးစ်မော်ရင်ဟို၏ ချယ်လ်ဆီးအသင်းသည်ဖလားဆွတ်ခူးရန် တစ်မှတ်သာအလိုတွင် မန်ယူကို အနိုင်ရပြီး ဗိုလ်စွဲလိုက်ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို ဝီလျံဂါးလ်လတ်စ်က ပွဲစပြီး ငါးမိနစ်တွင် ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

ထိုက်ထိုက်တန်တန်

ဂျိုးလ်ကိုးလ်ကလည်း ချယ်လ်ဆီးအသင်းအတွက် ကစားချိန် တစ်နာရီပြည့်ချိန်တွင် ဒုတိယမြောက်ဂိုးသွင်းယူခဲ့သည်။ ကာဗယ်ဟိုက တတိယမြောက် ဂိုးသွင်းပြီး မန်ယူအား သုံးဂိုး-ဂိုးမရှိဖြင့် ထိုက်ထိုက်တန်တန်သွင်းယူ၍ ဖလားဆွတ်ခူးလိုက်ခြင်းဖြစ်သည်။

အားလျော့သွားဖွယ်

သို့သော်လည်း မန်ယူကစားသမား ရွန်နေ ပွဲပြီးခါနီးတွင် ဒဏ်ရာပြင်းထန်စွာရ၍ ထမ်းစင်ဖြင့် ထွက်သွားရကာ လာမည့် ကမ္ဘာ့ဖလားတွင် အားထားရမည့် အနေအထားမှ အင်္ဂလန်အသင်းအတွက် အားလျော့သွားဖွယ်ရှိသည်။

ချယ်လ်ဆီးနည်းပြမော်ရင်ဟိုက အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတွင် လီဗာပူးအသင်းကိုရှုံးခဲ့သဖြင့် ကိုးလ်နှင့် အာဂျင်ရော့ဘင်တို့ကို ပွဲအစပိုင်းတွင် ထည့်ကစားခဲ့သည်။

တစ်မှတ်သာ လိုတော့သည့် ချယ်လ်ဆီးအသင်းသည် ဂါးလ်လက်စ်၏ဂိုးကြောင့်အစကောင်းကာအနှောင်း သေချာသွားတော့သည်။

ဖွင့်ဆော်ဦးဂိုး

လမ်းပတ်၏ ထောင့်ကန်ဘောမှ တစ်ဆင့် ဒရော့ဘာ ခေါင်းတိုက်ယူပြီး ဂါးလက်စ်က ထပ်ဆင့်ခေါင်းတိုက်ပြီး ဖွင့်ဆော်ဦးဂိုးကို သွင်းယူခဲ့သည်။ ။

အခြားပွဲရလဒ်များ

လီဗာပူး	၃ - ၁	အက်စ်တွန်ဗီလာ
မန်စီးတီး	၁ - ၂	ဖူဟမ်
ဘာမင်ဂမ်	၀ - ၀	နယူးကာဆယ်
ချာလ်တန်	၀ - ၂	ဘလက်ဘန်း
မစ်ဒယ်ဘရော့	၀ - ၁	အယ်ဗာတန်
ဝီဂန်	၁ - ၂	ပို့စ်မောက်

(အင်တာနက်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဖမိုင်ခွဲ၊ ပြည်လမ်း၊ ဆင်ဖြူရှင်ရိပ်သာနေ
ဒုတိယဗိုလ်မှူးကြီးယဉ်မောင်စိန်(ငြိမ်း)(UMEHL)-ဒေါ်မြင့်မြင့်အေး
တို့၏သား

ဗိုလ်ကြီးစိုးဇေယျာ B.E (Chemical) D.S.T.A

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိရိပ်သာ၊ လမ်းသွယ်(၂)၊ အမှတ်(၁၈)ဒီနေ
ဦးစိုးအောင်(Chief Engineer, RCL Shipmanagement Pte,Ltd.S'Pore)-
ဒေါ်ခင်စိုး(ထူးပြည့်စုံကုန်စည်ပို့ဆောင်ရေး၊ ဘုရင့်နောင်ပွဲရုံ)တို့၏သမီး

မဇာခြည်စိုးအောင် B.Ecom (Economics)

တို့၏ ၂၉-၄-၂၀၀၆ရက်(စနေနေ့) Yuzana Garden Hotel၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဝန်ကြီးများ၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၏ဇနီးများ၊ စစ်ဘက်နယ်ဘက်မှပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၉-၄-၂၀၀၆ရက်တွင် ရန်ကုန်မြို့ International Business Centre၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် ဒေါ်စိမ်းမို့မို့၊ The Access တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မဆုမြတ်လှိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မနွယ်နွယ်ရီနှင့် မငုဝါသွဲ့၊ သတို့သားအရံအဖြစ်ဆောင်ရွက်ပေးသော ဗိုလ်ကြီးအောင်ကြူးနှင့် ဗိုလ်ကြီးဝဏ္ဏရဲထိုက်၊ သတို့သမီးအရံအဖြစ်ဆောင်ရွက်ပေးသော မစန္ဒီမင်းနိုင်နှင့် မဇင်မွန်ဇင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊မိတ်ကပ်ဆံပင်အလှပြင်ဆင်ပေးသော ဇော်ဇော်(ထီလာ)၊ ဗီဒီယို၊ ဓာတ်ပုံဖြင့် မှတ်တမ်းတင်ပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်များ ပေးပို့ကြသော စစ်ဘက်နယ်ဘက်မှပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ Yuzana Graden Hotelမန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးစိုးဇေယျာ-မဇာခြည်စိုးအောင်။

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၆၂)နေ
U A WIN (သစ္စာမင်းမော်တော်ယာဉ်ပြုပြင်ရေး)-ဒေါ်ချိုချိုမြ(Waing Montessori Centre)
တို့၏သားလတ်

မောင်နန္ဒမျိုးမင်း A.G.T.I (M.P), 2nd Year (Eco;)

နှင့်

ပဲခူးမြို့၊ ပြည်ထောင်စုရပ်ကွက် ၊ မဟာဗောဂလမ်း၊ အမှတ် (က/၀၃၆)နေ
ဦးတင်ဦး(မြို့နယ်ပညာရေးမှူးရုံး၊ ငြိမ်း)-ဒေါ်ချိုချို(အမက-လွန်၊ မြို့တွင်းကြီး)တို့၏သမီးငယ်

မဖြူအိသွယ် A.G.T.I (E.P), M.Sc (Engineering Physics)(Y.U)

တို့၏ ၂၉-၄-၂၀၀၆ရက်တွင် ပဲခူးမြို့နေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဒုတိယခရိုင်တရားသူကြီး ဒေါ်အေးအေးသန့်(ပဲခူးခရိုင်)အားလည်းကောင်း၊ ယင်းနေ့တွင်ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၃၀-၄-၂၀၀၆ရက်(တနင်္ဂနွေနေ့)တွင် Grand Plaza Park Royal၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဒေါက်တာဦးကြည်ဝင်းထွန်းနှင့်ဇနီး ပါမောက္ခဒေါက်တာဒေါ်မာလာမြင့် ဆေးတက္ကသိုလ်(၁)အားလည်းကောင်း၊ မင်္ဂလာစိန်လက်စွပ်ဆင်မြန်းပေးသော ဦးအောင်လင်းနှင့်ဇနီး ဒေါ်သန်းသန်းစီ (Shinning Star Co., Ltd.)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော မငြိမ်းမြင့်မြင့်အောင်အားလည်းကောင်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ပေးသော မနှင်းနီလာဆွေအားလည်းကောင်း၊ သတို့သားအရံ မောင်မျိုးဇော်အောင်၊ မောင်နေတိုးလင်း၊ သတို့သမီးအရံ မခင်ဖြူပုလဲ၊ မသက်နီသိန်းတို့အားလည်းကောင်း၊ သတို့သမီးဝတ်စုံ ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဆံပင် ခင်စန်းဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် မဟေမာနေဝင်းနှင့် The Spectrum (ရောင်စဉ်လှိုင်း)တေးဂီတအဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့် အဖွဲ့အားလည်းကောင်း၊ Grand Plaza Park Royalမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်နန္ဒမျိုးမင်း-မဖြူအိသွယ်။

(၂၉)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဗိုလ်မှူးကြီးသန်းညိန်း** (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)နှင့် ချစ်မေမေ **ဒေါ်ခင်သွယ်သွယ်မြင့်** (ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏ ၁-၅-၂၀၀၆ရက်တွင်ကျရောက်သော (၂၉)နှစ်မြောက်မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင်အောင် သားနှစ်ယောက်နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာလက်တွဲ၍ နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးနိုင်စေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သားကြီး - ဗိုလ်ကြီးနိုင်ညိန်း M.B.,B.S, Med, Sc (Ophth) Part°°II°
သားငယ် - ဗိုလ်လောင်းချမ်းညိန်း Final Part I°(D.S.M.A)။

(၂၆)နှစ်မြောက် မင်္ဂလာဆုတောင်း

၁-၅-၂၀၀၆ရက်နေ့တွင် ကျရောက်သော ဖေဖေ **ရဲမှူးကြီးဝင်းခေါင်** (မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ စာရေးဆရာ ထက်ခေါင်)နှင့် မေမေ **ဒေါ်နန်းချောချောခင်** (အလပြ၊ ငြိမ်း)တို့၏(၂၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး နိုင်ငံအကျိုး၊ သာသနာအကျိုးကို သက်ဆုံးတိုင် ထမ်းဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

ချစ်သား၊ ချစ်သမီးများ
ဗိုလ်စိုင်းအောင်ထက် B.C.Sc (D.S.A) (ငြိမ်း)
စိုးစိုးထက် B.C.Sc (Airhostess, Yangon Airways)
စိုင်းထက်ကောင်း 2nd Year (Psycho)
စိုင်းရဲခေါင် Grade-IX။

LCCI MYOB 6-5-06
COMPUTERISED ACCOUNTING
U THURA SHEIN (MBA,CIMA)

M.A.E Education Centre
IELTS GCE
Basic Spoken (Speaking, Listening)
Basic Grammar (Grammar, Writing, Vocabulary)
English Language 4-skills
Speaking (IELTS, Interview)
Writing (IELTS, TOEFL, SAT I)
No.27, Bogyoke Aung San Rd., Rm. 335, 5th Flr, Asia Plaza, Kyauktada T/S, Yangon.

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက် သာသနာ့ရိပ်သာလမ်းရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘန(မဟာကမ္မဋ္ဌာနာစရိယ)အား ပူဇော်ပွဲကို မဟာဓမ္မဗိမာန်တော်ကြီး၌ ဧပြီ၂ရက်က ကျင်းပရာ အလှူရှင်များက ဆရာတော်အား သာသနာပြုလုပ်ငန်းများတွင် ဆောင်ရွက်ရန် Cygnus အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြင်ဆင်ဖတ်ရှုပါရန်

ရန်ကုန် ဧပြီ ၃၀

ဧပြီ၃၀ရက်ထုတ် သတင်းစာပါ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ပြုညစာစားပွဲသတင်းတွင် အကောင်းဆုံး စာတမ်းနှစ်သိမ့်ဆုရရှိကြသည့်စာရင်း၌ "မန္တလေးတိုင်း" အစား "စစ်ကိုင်းတိုင်း" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

ဧပြီ၁၈ရက်က ပဲခူးမြို့ မဟာစေတီဘုရား ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဘုရားဝင်းအတွင်း ဘုရားဖူးတစ်ဦး ကျန်ရစ်ခဲ့သော ငွေကျပ်တစ်သိန်းရှစ်သောင်းနှင့်စာရွက်စာတမ်းများကို ပိုင်ရှင်ဖြစ်သူ ဦးစိုးဟန်ထံ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဧပြီ၂၈ရက်နှင့် ၂၉ရက်များလေပြင်းတိုက်ခတ်၍မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရောဝတီတိုင်းနှင့်ရခိုင်ပြည်နယ်အတွင်းအိမ်ခြေများအမိုးအကာများပျက်စီးခဲ့ လေဘေးဒဏ်သင့်အိမ်ထောင်စုများအားထောက်ပံ့မှုများဆောင်ရွက်နေ

နေပြည်တော် ဧပြီ ၃၀

ဧရာဝတီတိုင်း ပုသိမ်၊ ကျိုက်လတ်၊ လပွတ္တာမြို့နယ်များ၊ ဟိုင်းကြီးမြို့နှင့် ဘိုကလေးမြို့နယ် အမာကျေးရွာတို့တွင် ဧပြီ၂၈ရက် နံနက်၉နာရီခွဲတွင် လေပြင်းတိုက်ခတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိမ်ခြေ၄၀၀ကျော် အမိုးအကာများပျက်စီးခဲ့ပြီး လူရှစ်ဦးထိခိုက်ဒဏ်ရာရ၍ နှစ်ဦးသေဆုံးခဲ့သည်။ ပင်လယ်ကမ်းခြေဒေသ ငွေဆောင်ကမ်းခြေနှင့် ချောင်းသာအပန်းဖြေစခန်းများတွင် လေပြင်းတိုက်ခတ်မှုများကြောင့် ဟိုတယ်၊ တည်းခိုခန်းအချို့၌ အခြားပျက်စီးမှုအနည်းငယ်ရှိခဲ့သော်လည်း ခရီးသွားလုပ်ငန်းများ ပုံမှန်ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိခိုက်ဒဏ်ရာရရှိ

အလားတူ ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် ဧပြီ၂၉ရက် နံနက်၇နာရီခွဲတွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိမ်ခြေ၄၀၀ခန့် အမိုးအကာအချို့ပျက်စီးခဲ့ပြီး အိမ်ခြေ၁၀၀ခန့် ပျက်စီးဆုံးရှုံးကာ လူနှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ပံ့ပိုးကူညီ

အဆိုပါ လေပြင်းတိုက်ခတ်ခံရသည့်နေရာများသို့ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ သွားရောက်ကြည့်ရှုကြပြီး ကယ်ဆယ်ရေးအဖွဲ့များဖွဲ့၍ လေဘေးဒဏ်သင့် အိမ်ထောင်စုများအား လိုအပ်သည်များ ပံ့ပိုးကူညီထောက်ပံ့ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

KMD Computer Centre
Computer for Kids Courses
Graphics Design
Power Office
Computer Pioneer
Power Point Presentation
Multimedia Presentation
Kid's Programming Language
Internet, Email & Web Design

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

ဆရာ ဆရာမများကိုယ်တိုင် ပိုင်နိုင်ကျွမ်းကျင်စွာတတ်မြောက်မှ ကျောင်းသားလူငယ်များ ပိုမိုတတ်သိအောင် သင်ကြားပေးနိုင်မည်

မော်လမြိုင် ဧပြီ ၂၆

ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျော်သူသည် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည် လိုက်ပါလျက် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မြို့နယ် ၁၀ မြို့နယ်မှ မြို့နယ်ပညာရေးမှူးများ၊ မော်လမြိုင်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားပွဲအခမ်းအနားကို ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျော်သူက **(ဝဲပုံ)** တွေ့ဆုံမှာကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆိုလျှင် ဘာသာရပ်အလိုက် ဘာသာရပ်ပြဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ဘာသာရပ်ပြ ဆရာ၊ ဆရာမများ ကိုယ်တိုင်က မိမိပြသသင်ကြားနေသည့် ဘာသာရပ်ကို ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်မှ မိမိသင်ကြားပြသပေးရမည့် ကျောင်းသားလူငယ်များကို ပိုမိုတတ်သိအောင် သင်ကြားပြသ ပေးသွားနိုင်မည် ဖြစ်ကြောင်း၊ မိမိ၏ ကျောင်းသားလူငယ်များမှာလည်း အကျင့်စာရိတ္တကောင်းမွန်ပြီး စည်းကမ်းကောင်းသည့် လူငယ်များ ဖြစ်လာရအောင် ပြုစုပျိုးထောင် သင်ကြားပေးသွားကြရန် လိုကြောင်း၊ ဘာသာရပ်အလိုက်လည်း ထူးချွန်ထက်မြက်သည့်လူငယ်များ ဖြစ်လာအောင် သင်ကြားပြသပေးသွားကြရန် လိုကြောင်း အကျယ်တဝင့် မှာကြားဆွေးနွေးသွားသည်။

နှုတ်ဆက်

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်နှင့် မွန်ပြည်နယ် ပညာရေးမှူး ဦးအောင်မြို့တို့က ပညာရေးဆိုင်ရာများ၊ လူ့စွမ်းအားအရင်းအမြစ်များ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများ၊ စီမံခန့်ခွဲမှုဆိုင်ရာများ ဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသည့် မြို့နယ် ၁၀ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **(၁၆၈)**

အေရိုးဗစ်အခြေခံနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့် ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများရှင်းလင်း

မြင်းမူ ဧပြီ ၁၈

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပြီး အေရိုးဗစ်အခြေခံသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ဧပြီ ၁၁ ရက်က မြင်းမူအခြေခံပညာ အထက်တန်းကျောင်း ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညိုက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အုန်းငွေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ (၁၆၇)

ကျောက်တော် မြို့ ကမ်းနားလမ်း အပိုင်း (၂) ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၀ ရက်က နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်ရာပြည့်၊ မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးထူးကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသာအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် **ကျေးရွာသူ ကျေးရွာသားများ ဧပြီ၂၂ရက်က ပိန်းဇလုပ်မြို့နှင့် စစ်တောင်းမြစ်ကမ်းခြေရှိ အင်းပိရိ၊ ကျောင်းကုန်း၊ ရေတွင်းကုန်းနှင့် ကံကလေး ကျေးရွာများသို့ ဆက်သွယ်သော မြေသားလမ်းပြုပြင်မှုလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။** (က–ပ)

ဟိုပင်မြို့၌ အဘိဓမ္မာနှင့် ဘဝအနှစ်ထုတ် သင်တန်းဖွင့်

ဟိုပင် ဧပြီ ၁၆

ကချင်ပြည်နယ် ဟိုပင်မြို့တွင် ရန်ကုန်မြို့မှ ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မ ဇောတိကဓဇ) ဟောပြောပို့ချသော အဘိဓမ္မာနှင့် ဘဝအနှစ်ထုတ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၀ရက် ည ၇နာရီက ဟိုပင်မြို့ အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အဖွင့်အမှာစကား ပြောကြားပြီး ဓမ္မဗျူဟာ ဒေါ်ခင်လှတင်က အဘိဓမ္မာနှင့်ဘဝအနှစ်ထုတ် သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅၀၀ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ခင်ဦးမြို့၌ ရေပေးကန်များ စနစ်တကျရှိရေးစစ်ဆေး

ခင်ဦး ဧပြီ ၁၁

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးဦးနှင့် ဝန်ထမ်းများသည် မတ် ၂၄ ရက်က ခင်ဦးမြို့တွင်း အများပြည်သူ အသုံးပြုလျက်ရှိသော စည်ပင်သာယာရေးအဖွဲ့ ပိုင်ရေတွင်းများနှင့်ရေပေးကန်များစနစ်တကျဖြစ်စေရေးအတွက် ပတ်ဝန်းကျင် သန့်ရှင်းမှုရှိမရှိ၊ ရေထွက်အားကောင်းမကောင်းနှင့် အိမ်သွယ်ရေတိုင်များ စနစ်တကျတပ်ဆင် အသုံးပြုမှုရှိမရှိတို့ကို လှည့်လည်စစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

၂၀၀၆–၂၀၀၇ ခုဘဏ္ဍာရေးနှစ်အတွက် အနေးယာဉ်(ဆိုက်ကား)လိုင်စင်သက်တမ်းတိုး လဲလှယ်ခြင်းကို ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(စည်းကမ်း) ဦးကျော်ငွေ၊ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်စီစီထွန်းနှင့် ဝန်ထမ်းများ သီရိအဏ္ဏဝါခန်းမ၌ လုပ်ငန်းဆောင်ရွက်နေမှုကို ဧပြီ ၂၄ ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (၁၅၈)

မြန်မာ့အသံ

၂–၅–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မန္တလေးတိုင်း စိုက်ပျိုးရေရရှိရေး)

၁၁း၃၀ မြန်မာ့မူဟန်ဇာတ်မာန် ဟောပြောချက် (နယ်ချဲ့ခုခံစစ်နှင့် မျိုးချစ်သူရဲကောင်း ဗိုလ်ရာညွှန့်) (ညွန့်ဟံ–ကြူတော)

၁၂း၀၀ သူ့အတွေးနှင့်သူ့အရေး (ဒေါသကိုမျိုသိပ်မထားပါနဲ့) (အောင်သစ်)

၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (တစ်ယောက်တစ်ဝက်)

၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြန်မာတို့၏ သနပ်ခါး– ခင်ဇေ–စက်မှု)

ညနေပိုင်း

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ကြပါစို့–ကျော်စွာငယ်)

၁၈း၂၅ ကျေးလက်ဇာတ်လမ်း (အသုံးဝင်သည့် ထန်းတစ်ပင်)

၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (ကျန်းမာပျော်ရွှင်ဘဝတစ်ခွင်)

၂၀း၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (ထူးဆန်းသောဘုရင်နှင့် ယာသမားကြီးပုံပြင်)

ဖြူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး အမျိုးသမီးများ အကြမ်းဖက်မှုမှကာကွယ် ဥပဒေဆိုင်ရာဟောပြောပွဲအခမ်းအနားကျင်းပ

ဖြူး ဧပြီ ၂၈

ဖြူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်သည့် ဥပဒေဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို ဧပြီ ၂၅ရက် နံနက် ၉နာရီက ချင်းခင်ကျေးရွာအုပ်စု ခင်ရှည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ဖြူးမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ဥမ္မာစောက ဟောပြောသည်။ **(အောက်ပုံ)** ဟောပြောပွဲသို့ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များနှင့် ခင်ရှည်ကျေးရွာ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ကျေးရွာအုပ်စု တာဝန်ရှိသူများ တက်ရောက်ကြသည်။ (၂၈၄)

ဆားလင်းကြီးမြို့နယ် ပြန်/ဆက် ဦးစီးဌာနကြီးမှူး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး

ဆားလင်းကြီး ဧပြီ ၁၂

ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေး အလုပ်ရုံဆွေးနွေးပွဲ(၃/၂၀၀၆)ကို ဧပြီ ၄ ရက် နံနက် ၉ နာရီက ဆားလင်းကြီးမြို့နယ် နှောကူးတို့ကျေးရွာ အခြေခံပညာ တွဲဖက်အလယ်တန်း ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးတို့ကို ဆွေးနွေးဟောပြောပြီး စာထောက်(၃) ဦးချိုချိုအောင်က စာအုပ်များ စုဆောင်းခြင်း၊ မျိုးတူစုခွဲခြားခြင်းနှင့် စနစ်တကျ ငှားရမ်းခြင်းများကို ဆွေးနွေး ရှင်းလင်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ငူဇေယျာသီရိ မိဘမဲ့ကျောင်းသို့ ဆန်အိတ်များလှူဒါန်း

တောင်ငူ မေ ၂၇

တောင်ငူမြို့နယ် အဘိဓမ္မာပြန့်ပွားရေးအသင်း ၃၆၅ ရက် ဘုံဆွမ်းလောင်းအဖွဲ့ အာသောကာရုံစာသင်တိုက် မိဘမဲ့ယောကျ်ားကလေးများနှင့် ဇေယျာသီရိ မိဘမဲ့မိန်းကလေးများကျောင်းသို့ ငွေကျပ်၁၀ သိန်းတန်ဖိုးရှိ ဆန်အိတ် ၇၀ နှင့် ဖြဟ္မစိုရ်လူမှုရေးအသင်း စေတနာရှင်သွေးလှူဘဏ်သို့ ငွေကျပ်တစ်သိန်းကို တောင်ငူမြို့ မွတ်စလင် လူမှုရေးအကျိုးဆောင်ကော်မတီက ဒုတိယအကြိမ် ပေးအပ်လှူဒါန်းပွဲ မေ ၁၈ ရက် နံနက်ပိုင်းက တောင်ငူမြို့ နဂါးရုံစာသင်တိုက်၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ကော်မတီနာယက ဆရာကြီး ဦးတင်ရွှေက လှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မွတ်စလင်လူမှုရေးအကျိုးဆောင်ကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေ၊ အတွင်းရေးမှူးဦးတင်ဦးနှင့် အမှုဆောင် ဦးကျော်မင်းတို့က ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

အဆိုပါကော်မတီက ပထမအကြိမ် အနေဖြင့် တောင်ငူမြို့ ၁၄ ရပ်ကွက် မြစည်းခုံသာသနာ့ဗိမာန်ဆွမ်းစားကျောင်းဆောင် ဆောက်လုပ်ရေးအတွက် ငွေကျပ်သိန်းသုံးဆယ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၁၀၃)**

ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံတန်းကုံကော်လမ်းနေ ဦးစိုးသိန်းအား ရည်စူး၍ ဒေါ်ကျင်မေ(သမာဓိပွဲရုံ၊ TOP STAR စားသောက်ဆိုင်)၊ သား သမီးများဖြစ်ကြသော ကိုကျော်ညွှန့်-မတိုးရီ၊ ကိုမြအောင်-မမြင့်မြင့်ရီ၊ မသန်းသန်းစိန်၊ မလှလှမြင့်၊ ကိုဝင်းနိုင်-မမြင့်မြင့်အေး၊ ကိုသန်းနိုင်-မရင်ရင်သီ၊ မမူမူဌေးနှင့် မြေးတစ်စုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေဘုရားစေတီတစ်ဆူအတွက် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

သနပ်ပင်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး မေတ္တာပေါင်းကူးတံတားဖွင့် တံတားနှင့်ပတ်သက်သော စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်

သနပ်ပင် မေ ၂၅

သနပ်ပင်မြို့နယ် ဖရဲကျေးရွာ ကိုယ့်အားကိုယ်ကိုး မေတ္တာပေါင်းကူးတံတားဖွင့်ပွဲ အခမ်းအနားကို မေ ၁၈ရက် နံနက်ပိုင်းက အဆိုပါတံတားမုခ်ဦးရှေ့တွင်ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊ တံတားဖြစ်မြောက်ရေး ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ပြည်သူများ တက်ရောက် ကြသည်။

ရှေးဦးစွာ တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ဦးဟန်ရွှေက ရှင်းလင်းပြောကြားပြီး ဦးမြင့်ဟန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တံတားနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ရပ်မိရပ်ဖဦးအောင်ဝင်းက သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မေတ္တာပေါင်းကူးတံတားကိုဖရဲကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြီးမြင့်၊ တံတားဖြစ်မြောက်ရေး ကော်မတီဝင် ဦးထွန်းပွင့်နှင့် ဦးအောင်ဇီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** (၃၄၇)

အမြို့မြို့ အနယ်နယ် သတင်းများ

ပါဠိပထမပြန်စာမေးပွဲစာအောင်သံဃာတော်များအား ဆုနှင်းသဘင်အခမ်းအနား မိုးညှင်းမြို့၌ကျင်းပ

မိုးညှင်း မေ ၁၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၏ ပါဠိပထမပြန်စာမေးပွဲစာအောင်သံဃာဆုနှင်းသဘင်အခမ်းအနားကို မေ ၉ရက် မွန်းလွဲ ၁နာရီက စိမ်းလဲ့ရတနာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဇေယျသုခ ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာက ဩဝါဒကထာ မြွက်ကြားတော်မူပြီး မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဒင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ၂၀၀၅ခုနှစ် ပါဠိပထမပြန် စာအောင်သံဃာတော်များကို တာဝန်ရှိသူများက အောင်လက်မှတ်နှင့်ဆုများ ဆက်ကပ်ကြသည်။

၂၀၀၅ခုနှစ် ပါဠိပထမပြန်စာမေးပွဲ၌ ပထမလတ်တန်းတွင် ပထမဆုရသော မိုးညှင်းမြို့ ပညာရောင်ခြည်စာသင်တိုက်မှ သီလရှင်မဥဇုကာရီ အပါအဝင် စာအောင်သံဃာ ၆၉ပါး အောင်မြင်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(မြို့မကျောင်း) ကျောင်းသူ ကျောင်းသားဟောင်းများကိုယ်စား အမှတ် (၄၇)ကွင်းတန်းလမ်းနေ ဆရာမဒေါ်အေးအေးသောင်း(အလပြ၊ ငြိမ်း)က အမှတ်(၃) နယ်မြေ သိမ်တော်ကြီးလမ်း ဇေယျဝံသပရိယတ္တိစာသင်တိုက်ရှိ ကရုဏာလူမှုကူညီရေးအသင်းသို့ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်ခတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။(က-ပ)

မန်တုံပညာတံခွန်စာကြည့်တိုက်သို့ အလှူရှင်များစာအုပ်မျိုးစုံနှင့် အလှူငွေပေးအပ်

မန်တုံ မေ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့ ဟိုခိုကျေးရွာ ပညာတံခွန်စာကြည့်တိုက်သို့ အလှူရှင်များက စာအုပ်မျိုးစုံ ၂၁၁ အုပ်နှင့် ငွေကျပ်၃၅၄၅၀ကို စာကြည့်တိုက် ငွေပဒေသာပင်အဖြစ် ပေးအပ်လှူဒါန်းပွဲကို မတ်၁၉ရက်နံနက်၉နာရီခွဲက အဆိုပါ စာကြည့်တိုက်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှမောင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်နန်းမော်ခမ်းတို့က အမှာစကားများ ပြောကြားကြပြီး အလှူရှင်များ လှူဒါန်းသော စာအုပ်နှင့်ငွေများကို စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမောင်ဦးက လက်ခံရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲ ခူး တိုင်း ရေနံရောင်းဝယ်ရေးလုပ်ငန်းနှင့် တိုင်းမီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် သရုပ်ပြ ရှင်းလင်းပွဲကို မတ် ၂၁ရက်က ပဲခူးမြို့ အောင်မြေသာ စက်သုံးဆီ အရောင်း ဆိုင် အမှတ်(၁၉၂)တွင် ကျင်းပရာ တိုင်း မီးသတ်ဦးစီးမှူး ရဲကျော်စွာဝင်းမြင့်က ပညာပေးဟောပြောသရုပ်ပြရှင်းလင်းစဉ်။(ခရိုင် ပြန်/ဆက်)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်း သွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွားပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း မြစ်မခမြစ် အနောက်ဘက်ကမ်း တာပတ်လုပ်ငန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃၀

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်အဖွဲ့ဝင်များသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၁ ရက်က မိုးညိုမြို့နယ်၏ ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြစ်မခမြစ်အနောက်ဘက်ကမ်း တာပတ်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိ၍ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မြစ်သာမြစ်ပေါက်မှ မိုးညိုမြို့အထိ ၂၀၀၅-၂၀၀၉ ခုနှစ်အတွင်း မိုင် ၂၀ အရှည် တာပတ်မည်ဖြစ်ပြီး ယခု ၂၀၀၆ ခုနှစ်တွင် လေးမိုင် တာပတ်ခြင်း လုပ်ငန်း ၈၄ ဒသမ ၄၈ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် လုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် မြေဖို့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နတ္တလင်းမြို့နယ် ရေကြည်ကျေးရွာအုပ်စု ဘုန်းကြီးရေဆယ်ကျေးရွာအနီးရှိ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် စိုက်ပျိုးရေးကုမ္ပဏီသို့ ရောက်ရှိကြ၍ ရှင်းလင်းဆောင်၌ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနတက္ကသိုလ်မှ နိုင်ငံခြားသား ပညာရှင်များ ပူးပေါင်းကာ လေဆာရောင်ခြည်ဖြင့် မြေညှိခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး လေဆာရောင်ခြည်ဖြင့် လက်တွေ့မြေညှိဆောင်ရွက်နေမှုကို တောင်သူများအား ပညာပေးပြသနေမှုကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိုကလေးတိလောကမာရဇိန်ဘုရား ထီးတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်

ဘိုကလေး မေ ၁၅

ဘိုကလေးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဇေယျမေဒနီကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏဝံသ၏ ကြီးကြပ်မှုဖြင့် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ တိလောကမာရဇိန်ဘုရား ထီးတော်နှင့် စိန်ဖူးတော်တင်လှူပွဲ အခမ်းအနားကို ဧပြီ ၇ ရက်က ကြိမ်ချောင်းကြီးကျေးရွာ ဘုရားကုန်းမြေ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အလှူရှင်များဖြစ်ကြသော ကျေးရွာဥက္ကဋ္ဌ ဦးတင်စိုးနှင့် ဦးမောင်မောင်ဇော် (မင်းထက်ကျော်ရေခဲစက်)တို့က ထီးတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးယုနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက် ကြည်ညို ပူဇော်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်ကျင့်ဝတ် ဖြေဆိုခြင်းကို ဧပြီ ၁၈ ရက်က တာမွေမြို့နယ် မီးသတ်စခန်း၌ ကျင်းပရာ တိုင်းမီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများက စစ်ဆေးကြစဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် Saw Family International Co., Ltd. မှ ဦးစောကြိုင်-ဒေါ်ကြင်ဌေး၊ သားသမီးမြေးတစ်စုက တတိယအကြိမ် အလှူငွေ ၃၃၃၃၃၃ ကျပ်ကို ဧပြီ၁၇ ရက်က ဂေါပကအဖွဲ့ဝင်(၉)ဦးရှေ့မှောက်တွင် လှူဒါန်းရာ အလှည့်ကျ သဘာပတိ ဦးစံရင်က လက်ခံယူစဉ်။ (က-ပ)

အိမ်မဲမြို့ ရွှေဘိုရေကျော်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၇ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်ထွန်းထံသို့ အထိမ်းအမှတ်အလံ ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

မိုးကြိုဂုန်လျှော်/ချည်ပေါင်လျှော်စိုက်ပျိုးရေးနှိုးဆော်

၁။ စိုက်ပျိုးရာသီအမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလ လယ်မှဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချည်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေသြဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံ မြေသြဇာအဖြစ် တစ်ဧကလျှင်သဘာဝမြေသြဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေသြဇာ အနည်းဆုံး၂၅ကီလိုနှင့် ပိုတက်ရှ်မြေသြဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း၈၀နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချည်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်း သုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ် ကျရောက်မည့်အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

တီဘီရောဂါကင်းဝေးရေး ပညာပေးဟောပြော

မိုးကုတ် ဧပြီ ၆

မိုးကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အနာကြီးရောဂါအသိပညာပေး ရက်သတ္တပတ်ဟောပြောပွဲနှင့် တီဘီရောဂါကင်းဝေးရေး ပညာပေးဟောပြောပွဲကို မတ် ၂၉ရက်က ကျပ်ပြင်အုပ်စု ပတ္တမြားခန်းမ၌ ကျင်းပရာ ခုတင်(၁၀၀)ဆံ့ဆေးရုံမှ ဒေါက်တာရဲမင်းထွေးက ကျန်းမာရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုဏ္ဏားကျွန်းမြို့၌ စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ ရည်ရွယ်ချက်ရှင်းလင်း၊ စာအုပ်မျိုးစုံနှင့် ငွေလှူဒါန်း

စစ်တွေ ဧပြီ ၉

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာ၌ ကျင်းပသော ဦးမောင်သာနိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာအမကကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုဏ္ဏားကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် ငွေလှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမောင်အေးထွန်းက တန်ဖိုးငွေကျပ်ငါးသောင်းခန့်ရှိ စာအုပ်မျိုးစုံ ၇၅အုပ်ကို လည်းကောင်း၊ အလှူရှင်ငါးဦးတို့ကငွေပဒေသာပင်ကျပ် တစ်သိန်းတစ်သောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက်မင်္ဂလာချိန်တွင် ကျောက်ဆိပ်ကျေးရွာ၌ ဦးမောင်သာနိုးလှူဒါန်းသည့် စာကြည့်တိုက်ကို ပုဏ္ဏားကျွန်းမြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ မြို့နယ်ဦးစီးမှူးဦးမောင်ကျော်ဦးနှင့် အလှူရှင်ဦးမောင်သာနိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ [Earth industrial (Myanmar) Co.,Ltd.] ဥက္ကဋ္ဌ ဒေါ်ခိုင်ဇော်က ကျန်းမာရေးစောင့်ရှောက်မှုခံယူနေကြသော (ကင်ဆာ) ဝေဒနာရှင်များအတွက် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ပူတာအိုမြို့ ပန်းလှိုင်ချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဧပြီ ၃၀

ကချင်ပြည်နယ် ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက်၌ တည်ဆောက်ပြီးစီးခဲ့သည့် အရှည် ပေ ၁၃၀ ရှိ ပန်းလှိုင်ချောင်းကူးတံတားဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၄ရက် နံနက်ရနာရီက အဆိုပါ တံတားသစ်မုခ်ဦးတွင် ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခိုင်စိုးနှင့် တပ်ရင်းတပ်ဖွဲ့မှူးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပူတာအိုခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အင်ဂျင်နီယာမှူး ဦးဒေးဗစ်ဘရန်ရှောင်က တံတားတည်ဆောက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့က အသီးသီး အမှာစကားပြောကြားကြပြီး ပန်းလှိုင်ရပ်ကွက်ဥက္ကဋ္ဌ ဦးစောနွဲ့သိုက်ရွှေက ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ပူတာအိုခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်စိုး၊ ခရိုင်အင်ဂျင်နီယာမှူးဦးဒေးဗစ်ဘရန်ရှောင်နှင့် ပန်းလှိုင်ရပ်ကွက်ဥက္ကဋ္ဌ ဦးစောနွဲ့သိုက်ရွှေတို့က တံတားသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ဝန်ကြီးများနှင့်တက်ရောက်လာကြသူများက တံတားသစ်အား ဖြတ်သန်းကြည့်ရှုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❒

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နေပြည်တော်မြို့တော် မိုးလေဝသအခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(မေ ၁ ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဧပြီ ၃၀ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှငြေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ် (၀၁၇)တွင် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်သွင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း-စာ ၈) (စွမ်းအင်)

NLD ပါတီသည် မှန်ကန်သောဦးဆောင်မှုမပေးနိုင် ပြည်သူလူထုက NLD အဖွဲ့ဝင်များအားလူပိုအဖြစ်သဘောထား ပါတီတွင် ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲများဖြင့် ကွဲပြားလျက်ရှိ

နောင်ချိုမြို့နယ် NLD ရုံးကို ပိတ်သိမ်းပြီး ပါတီဝင်အားလုံးနုတ်ထွက်

ရန်ကုန် ဧပြီ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင်များဖြစ်ကြသော ဦးမြင့်ဆွေ (ဥက္ကဋ္ဌ၊ နယ်မြေ(၆)၊ တောင်ရပ်၊ နောင်ချိုမြို့)၊ ဦးအောင်မြင့် (ဒုတိယဥက္ကဋ္ဌ၊ နယ်မြေ(၃)၊ တောင်ရပ်၊ နောင်ချိုမြို့)၊ ဦးအောင်စိန် (အတွင်းရေးမှူး၊ မြို့နယ်စည်းရုံးရေးမှူး၊ ဘူတာရပ်၊ နောင်ချိုမြို့)၊ ဦးမြင့်လွင် (တွဲဖက်အတွင်းရေးမှူး၊နယ်မြေ(၁)၊ ဘူတာရပ်၊ နောင်ချိုမြို့)၊ ဦးဖြူစင် (အဖွဲ့ဝင်၊ နယ်မြေ (၆)၊ ပန်ဟတ်ရပ်၊ နောင်ချိုမြို့)၊ ဦးတိကာရမ်း (အဖွဲ့ဝင်၊ ပန်ဟတ်ရပ်၊ နောင်ချိုမြို့)၊ ဦးအောင်သန်း(အဖွဲ့ဝင်၊ နယ်မြေ(၉)၊ ဈေးရပ်၊ နောင်ချိုမြို့)၊ ဦးဝင်းမောင် (အဖွဲ့ဝင်၊ နယ်မြေ(၂)၊ ဘူတာရပ်၊ နောင်ချိုမြို့)၊ ဦးဘသန်း (အဖွဲ့ဝင်၊ အုမ္မခါးကျေးရွာအုပ်စု၊ နောင်ချိုမြို့နယ်)၊ ဦးထွန်းတင် (အဖွဲ့ဝင်၊ နယ်မြေ(၁၀)၊ ဈေးရပ်၊ နောင်ချိုမြို့)၊ ဦးစိုးသန်း (အဖွဲ့ဝင်၊ နယ်မြေ(၁၀)၊ ဘူတာရပ်၊ နောင်ချိုမြို့)၊ ဦးဒီလီရမ်း (အဖွဲ့ဝင်၊ နယ်မြေ(၉)၊ ပန်ဟတ်ရပ်၊ နောင်ချိုမြို့)၊ ဦးချယ် (အဖွဲ့ဝင်၊ တောင်ရပ်၊ နောင်ချိုမြို့)၊ဦးထွန်းကြိုင်(ဘဏ္ဍာရေးမှူး၊နယ်မြေ(၂)၊ ပန်ဟတ်ရပ်၊ နောင်ချိုမြို့)နှင့် ဦးထွန်းစိန် (အဖွဲ့ဝင်၊ နယ်မြေ(၁)၊ နောင်ချိုမြို့) တို့ ၁၅ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာကို ဧပြီ၂၉ရက်တွင် စုပေါင်းလက်မှတ်ရေးထိုးကာ ယနေ့တွင် နောင်ချိုမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့နုတ်ထွက်ခဲ့ကြကြောင်း သိရှိရသည်။

စာမျက်နှာ ၉ ကော်လံ ၆ ✡

မာလာဆိုင်ကလုန်းမုန်တိုင်း အားပျော့ပျက်ပြယ်

ရန်ကုန် ဧပြီ ၃၀

ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော မာလာအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရခိုင်ကမ်းရိုးတန်းကို ဂွမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အားပျော့သွားကာ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အရှေ့မြောက်အရပ်သို့ ဆက်လက်ရွေ့လျားနေသည်။

ယနေ့ မြန်မာစံတော်ချိန် နံနက်၆နာရီခွဲ တိုင်းထွာချက်များအရ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် အားပျော့ပျက်ပြယ်သွားခဲ့ပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး၊ အင်တာနက်သတင်း နှင့် ဓာတ်ပုံအညွှန်း

မြန်မာ့အငွေ့အသက်များ ထုံလွှမ်းနေသည့် စိတ္တသုခ ပန်းချီပြပွဲ

မောင်မောင်မြင့်ဆွေ၏ ဆောင်းပါး (စာ-၇)



အစ္စကာဗာရီ လွန်းပြန်ယာဉ် ဇူလိုင်လတွင် ပြန်လည်လွှတ်တင်မည်

အင်တာနက် သတင်းနှင့် ဓာတ်ပုံ (စာ-၆)

ချယ်လ်ဆီးက မန်ယူအား ဂိုးပြတ်သွင်းပြီး နှစ်နှစ်ဆက်တိုက် ပရီမီယာရှစ် ဖလားယူပြီ

ကမ္ဘာတစ်လွှား အားကစား (စာ-၁၃)